# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 28 February 2018 ၆၂၁၄


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြည်ညိုပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။

## ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်

စာမျက်နှာ » ၅

## လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း ပိုမိုကောင်းမွန်ပြည့်စုံစေရေး ပြင်ဆင်ညှိနှိုင်းပြုစုလျက်ရှိ

စာမျက်နှာ » ၅

## ရန်ကုန်မြို့ပတ်ရထား လမ်းပိုင်းတစ်လျှောက် လူကူးခုံးကျော်တံတား ၁၅ စင်း တည်ဆောက်ရန်ရှိ

စာမျက်နှာ » ၁၇


KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017

ကြေးမုံ

# ဖွံ့ဖြိုးတိုးတက်ရေး စိန်ခေါ်မှုများကျော်လွှား

မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအနေဖြင့် အကူးအပြောင်းကာလတွင် အကြီးမားဆုံးစိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည့် အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရပြီး ပြည်သူများကြုံတွေ့ခံစားနေရမှုများအရ အဓိကစိန်ခေါ်မှုမှာ ဆင်းရဲနွမ်းပါးမှုပင်ဖြစ်သည်။ အသွင်ကူးပြောင်းမှုကာလဆိုသည်မှာ မည်သည့်အချိန်အခါတွင်မျှ လွယ်ကူချောမွေ့စွာ ကူးပြောင်းနိုင်သည့် အနေအထားမရှိဘဲ အခက်အခဲများ၊ စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ကြရသည်သာ ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အသွင်ကူးပြောင်းမှုကာလ၌ ပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူများ၏ လိုအပ်ချက်များ ဆောင်ရွက်ပေးနေသည်နှင့်အတူ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကိစ္စများကိုပါ တစ်ပြိုင်နက်ဆောင်ရွက်ရသဖြင့် စိန်ခေါ်မှု အကြီးမားဆုံးကာလဟု ဆိုရမည်သာ ဖြစ်သည်။

ထိုစိန်ခေါ်မှုများသည် ကြီးပွားတိုးတက်လိုသူတို့အတွက် မှတ်ကျောက်ပင်ဖြစ်သည်။ ၎င်းစိန်ခေါ်မှုဟူသည့် မှတ်ကျောက်သည် တိုးတက်ကြီးပွားလိုသူတို့၏ ခံနိုင်ရည်၊ အရည်အချင်းနှင့် ဇွဲလုံ့လဝီရိယတို့ကို စမ်းသပ်ခြင်းဖြစ်သည်ဟု မှတ်ယူကာ မဖြစ်မနေကြိုးပမ်းအားထုတ်ကြမည်ဆိုလျှင် အောင်မြင်မှုဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနိုင်ပေသည်။ ကြုံတွေ့နေရသော စိန်ခေါ်မှုများသည် အောင်မြင်မှုပန်းတိုင်သို့ တက်လှမ်းနိုင်ရန် အစမ်းသပ်ခံဖြတ်ကျော်ရမည့် မှတ်ကျောက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ကျော်လွှားရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “မြန်မာနိုင်ငံအနေနဲ့ အကူးအပြောင်းအလွန်ကာလမှာ အကြီးမားဆုံး စိန်ခေါ်မှုနဲ့ အမျိုးသားရင်ကြားစေ့ရေးအတွက် ကျွန်မတို့ရဲ့ကတိကဝတ်တွေ ခိုင်မာအားကောင်းလာစေမယ့် အခွင့်အလမ်းတစ်ရပ်ဖြစ်လာပြီး မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ရှင်သန်ရင့်ကျက်လာရေးအတွက် အခြေခံအုတ်မြစ်အဖြစ် ဖော်ဆောင်ပေးမှာ ဖြစ်ပါတယ်”ဟု ပြောကြားထားသည်။

မြန်မာနိုင်ငံ၏ ကြုံတွေ့နေရသော စိန်ခေါ်မှုများသည် ပြုပြင်ပြောင်းလဲမှုများကို ရှေ့တိုးလာနိုင်အောင် အားပေးသည့် တွန်းအားများဖြစ်စေနိုင်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် စိန်ခေါ်မှုများလာလေ ထိုစိန်ခေါ်မှုအခြေအနေမျိုးတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ မိတ်ဆွေများနှင့် ချိတ်ဆက်ဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းသာမက နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ဆောင်ရွက်နေပြီး အကူအညီများလည်း ရရှိနေပြီဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကူအညီများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာရေးအတွက် ယခုကဲ့သို့ ဆွေးနွေးပွဲများကျင်းပကာ ဖော်ဆောင်ပေးနေသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

ယခုပြုလုပ်သောဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ပထမဆုံးကျင်းပသည့် ဆွေးနွေးပွဲဖြစ်သည်ဟုဆိုသော်လည်း ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးကို ၂၀၁၆ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းအချို့က အကူအညီများပေးနိုင်ရန် ကတိကဝတ်များရှိခဲ့သည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပံ့ပိုးကူညီမှုများသည် စိန်ခေါ်မှုများကြားမှ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရှေ့တစ်ခုချင်း တက်လှမ်းနိုင်ရန် အရေးကြီးသည့် တွန်းအားတစ်ရပ်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအကူအညီများ ထိရောက်မှုရှိစေရေး ဆွေးနွေးပွဲများ ဖော်ဆောင်နိုင်ခြင်းသည် စိန်ခေါ်မှုများကို ကျော်လွှားနိုင်အောင် မှတ်ကျောက်တင်နေခြင်းဖြစ်သည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် တူညီသောအနာဂတ်ရည်မှန်းချက်များအတိုင်း ယခုနှစ်တွင် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်တွင်း၊ ပြည်ပပူးပေါင်းလက်တွဲကာ အကောင်အထည်ဖော်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ယူအိတ်ချ်အက်ဖ်စီမံချက်သည် မြန်မာနိုင်ငံ၏ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါကူးစက်ဖြစ်ပွားမှု ဝန်ထုပ်ဝန်ပိုးကို လျှော့ချရေးတွင် များစွာအထောက်အကူဖြစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

USAID HIV/AIDS Flagship (UHF) Project စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက USAID HIV/AIDS Flagship Project (UHF) အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိတ်ဖက်အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်နှင့် အမျိုးသားခုခံကျ/ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက် မန်နေဂျာနှင့် ပုံမှန်ဆက်သွယ်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ UHF စီမံချက်၏ ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်မှု ရှိမရှိကို အညွှန်းကိန်းများဖြင့် စနစ်တကျ စောင့်ကြပ်ကြည့်ရှု၍ လိုအပ်သလို ပြုပြင်မွမ်းမံပြီး အကောင်အထည်ဖော် သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

HIV နှင့် AIDS ရောဂါကာကွယ်တားဆီးကုသရေး လုပ်ငန်းတွင် အထွေထွေရောဂါကု ပြင်ပဆရာဝန်များ၏ အခန်းကဏ္ဍအရေးကြီးပုံကို မမေ့ရန်လိုအပ်ပါကြောင်း၊ မူးယစ်ဆေးသုံးစွဲသူများ၊ လိင်တူဆက်ဆံသူများအကြားတွင် ကူးစက်ပျံ့နှံ့ပုံလမ်းကြောင်းများ၊ ဆက်စပ်မှုများကို လေ့လာရန် လိုအပ်ကြောင်း၊ HIV/AIDS ကာကွယ်နှိမ်နင်းရေးနှင့် ပညာပေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် HIV/AIDS ကူးစက်ပြန့်ပွားနေသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ယင်းတို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ အရေးကြီးဆုံးအချက်မှာ ပြည်သူများ၏ ကျန်းမာရေးအသိပညာဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် HIV/AIDS ရောဂါအပါအဝင် စံပြုကျန်းမာရေး အချက်အလက်များ စာအုပ် (Standardized Health Messages) ကို ထုတ်ဝေဖြန့်ဖြူးထားပြီး အခြေခံကျန်းမာရေး ဝန်ထမ်းများမှတစ်ဆင့် ပြည်သူများ၏ ကျန်းမာရေး အသိပညာမြင့်မားလာစေရေး ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ UHF စီမံချက်သည် မြန်မာနိုင်ငံ၏ အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကူးစက်ဖြစ်ပွားမှု ဝန်ထုပ်ဝန်ပိုးကို လျှော့ချရေးတွင် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် USAID မှ Mr. Oussama Tawil နှင့် အပြည်ပြည်ဆိုင်ရာ လူထုမိတ်ဆက်အဖွဲ့အစည်းမှ ဒေါက်တာစည်သူရတို့က အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်မှုအခြေအနေကို တင်ပြကြသည်။

ဤစီမံကိန်းသည် အမျိုးသားခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်၏ လမ်းညွှန်မှုဖြင့် CPI နှင့် မိတ်ဖက်အဖွဲ့အစည်းများက အိတ်ချ်အိုင်ဗွီပိုး ရှိသူများနှင့် အိတ်ချ်အိုင်ဗွီ ကူးစက်နိုင်ခြေများသော “ဦးတည်အုပ်စုဝင်” များအား ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၊ ကာကွယ်ရေးနှင့် လူမှုဆေးပညာအဖွဲ့၏ နှစ်ပတ်လည်နှင့် အသစ်ပြန်လည်ဖွဲ့စည်းရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာအဖွဲ့၏ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် အခြားပြည်သူ့ကျန်းမာရေး ပညာရှင်များက ကာကွယ်ရေးနှင့် လူမှုဆေးပညာရှင်အဖွဲ့၏ လက်ရှိတည်ဆဲ အသင်းအဖွဲ့စည်းမျဉ်းများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဦးဆောင်မှုအောက်တွင် ဆောင်ရွက်နိုင်မှု အခြေအနေ၊ ဆရာဝန်များသာမက ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီး၌ ဆောင်ရွက်နေသော ပုဂ္ဂိုလ်များအားလုံး ပါဝင်နိုင်သော အသင်းဖွဲ့စည်းနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့ပြင် အစည်းအဝေးတွင် ဆရာဝန်များသာမက ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၌ ပါဝင် လုပ်ကိုင်နေသူအားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်မည့် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး အသင်းတစ်ခုကို သီးခြားဖွဲ့စည်းသင့်ကြောင်း တက်ရောက်လာသူအများစုက သဘောတူဆုံးဖြတ်ခဲ့ပြီး ပြည်သူ့ကျန်းမာရေး တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ခေမာမြ ဦးဆောင်သော အသင်းဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀၊ မန္တလေး(ရွှေဈေး) ၉၄၁၀၀၀ - ၉၄၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၈၀/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၇၈၅ ကျပ်၊ | ၈၃၀/၈၄၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၃၅ ကျပ်၊ | ၈၄၀/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၅/၇၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀/၇၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၅/၇၃၀ ကျပ်

***၂၀-၂-၂၀၁၈ ရက်နေ့မှ ၂၆-၂-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၁၃ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၄၃ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၄၉ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၀ ကျပ် ဖြစ်ပါသည်။*** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | |
|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၃၃၇. ၀ | | (စ) အိန္ဒိယ | တစ်ရူပီး | = ၂၀. ၆၄၂ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၆၄၉. ၂ | | (ဆ) ဂျပန် | တစ်ရာယန်း | = ၁၂၅၁. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၁၁. ၆၈ | | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၂၅. ၀၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၄၂. ၇၈၄ | | (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၀၅၁. ၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၄၂. ၉၅ | | (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၁၀၁၆. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မူးယစ်အသိပညာပေး ဟောပြော

**မော်လမြိုင် ဖေဖော်ဝါရီ ၂၇**

မူးယစ်အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က မော်လမြိုင်မြို့နယ် လှိုင်ရပ်ကွက် လှိုင်အဝေးပြေးကားဝင်း၌ ကျင်းပသည်။

မော်လမြိုင်မြို့ အမှတ်(၉) လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စုမှ ဒုတိယရဲမှူး ဆန်းဦး၊ ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှ ဒုတိယရဲမှူး မြင့်အေး၊ အမှတ်(၇၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု မော်လမြိုင်မှ ရဲအုပ်ဇော်ဇော်နိုင်၊ အမှတ်(၃၈) မူးယစ်တပ်ဖွဲ့စုမှ တပ်ကြပ်ကြီးသိန်းနိုင်တို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍သိကောင်းစရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **၁၀၇**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လွှတ်တော်ချင်း ပိုမိုခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကိုရီးယား-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး H.E. Mrs. Riikka Laatu နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား သင်တန်းများပို့ချခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း လုပ်ငန်းစဉ်တို့အား ရှင်းလင်းပြောကြားရာ ဖင်လန်နိုင်ငံ သံအမတ်ကြီးက ဖင်လန်နိုင်ငံ အနေဖြင့် ဒီမိုကရေစီဖြစ်စဉ်များတွင် ထောက်ပံ့ကူညီပေးနေမှု၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံရုံးအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား တိုက်ရိုက်ပံ့ပိုးကူညီပေးနိုင်ရေးစီစဉ်ထားရှိမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုတို့အား ရှင်းလင်းပြောကြားပြီး ကူညီပံ့ပိုးဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား နိုင်ငံခြားသတင်းစာဆရာများ လာရောက်တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား ဒိန်းမတ်သတင်းစာဆရာ Mr.Claus Blok Thomsen **(အပေါ်ပုံ)** သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ကူဝိတ်သတင်းစာ၏ ဒုတိယ အမှုဆောင်အယ်ဒီတာချုပ် Mr. Javaid Ahmad သည် ညနေ ၃ နာရီတွင် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရုံးခန်း၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

ဒိန်းမတ်သတင်းစာဆရာ Mr. Claus Blok Thomsen နှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် အခြေအနေမှန်များနှင့် လက်ရှိဆောင်ရွက်ပေးနေမှုများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာသတင်းမီဒီယာအချို့မှ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ မဟုတ် မမှန်ရေးသားဖော်ပြချက်များနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့၏ မြန်မာနိုင်ငံပေါ် ဖိအားပေးဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

ကူဝိတ်သတင်းစာ၏ ဒုတိယ အမှုဆောင်အယ်ဒီတာချုပ် Mr. Javaid Ahmad နှင့် တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသည့် ဒုက္ခသည်များအား စနစ်တကျ ပြန်လည်လက်ခံရေးဆောင်ရွက်နေမှုများ၊ အနောက်မီဒီယာများ၏ ရခိုင်အရေး မဟုတ်မမှန် စွပ်စွဲရေးသားချက်များ၊ မြန်မာနိုင်ငံ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေနှင့် မီဒီယာဆိုင်ရာဥပဒေများနှင့် ပတ်သက်၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ဒေါ်အိအိခင်ဇ အား တီမောလက်စ်တေဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်အိအိခင်ဇေအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# ဦးကိုကိုရှိန်အား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုရှိန်အား ၎င်း၏ လက်ရှိတာဝန် ဝတ္တရားများအပြင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

# Mr. Daniel Patrick Brendon Chugg အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Mr. Daniel Patrick Brendon Chugg အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူပြီး ဖြစ်သည်။

Mr. Daniel Patrick Brendon Chugg သည် ၁၉၉၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးသို့ ဝင်ရောက်ခဲ့သည်။ ယင်းနောက် ၂၀၁၅ ခုနှစ်အထိ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးနှင့် ဟောင်ကောင်မြို့ရှိ ဗြိတိန်ကောင်စစ်ဝန်ချုပ်ရုံး၊ နယူးဒေလီမြို့နှင့် ပေကျင်းမြို့တို့ရှိ ဗြိတိန်သံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လက်ရှိ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာရုံးရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ရေးဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ Mr. Daniel Patrick Brendon Chugg သည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီးနှစ်ယောက်ရှိသည်။

**သတင်းစဉ်**

# မြောက်ကိုရီးယားနိုင်ငံ မူဝါဒရေးဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် နုတ်ထွက်ရန် ဆုံးဖြတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၇**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန မြောက်ကိုရီးယားနိုင်ငံမူဝါဒရေးဆိုင်ရာ အထူးကိုယ်စားလှယ်သည် ပုဂ္ဂိုလ်ရေးကိစ္စကြောင့် ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အထူးကိုယ်စားလှယ် ဂျိုးဆက်ယန်က ပုဂ္ဂိုလ်ရေးကိစ္စများကြောင့် ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟီတာနာယူရတ်က ၎င်း၏ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆွန်က အထူးကိုယ်စားလှယ် ဂျိုးဆက်ယန်၏နုတ်ထွက်စာကို စိတ်မပါစွာဖြင့် လက်ခံခဲ့ကြောင်း ပြောရေး ဆိုခွင့်ရှိသူ ဟီတာနာယူရတ်က ဆက်လက်ပြောကြားခဲ့သည်။

ပြုံယမ်းအနေဖြင့် အမေရိကန်အစိုးရနှင့် ချူကလီးယားအရေး ဆွေးနွေးရန် ဆန္ဒရှိကြောင်း သတင်းထုတ်ပြန်မှုနှင့် အထူးကိုယ်စားလှယ် ဂျိုးဆက်ယန်၏ ရာထူးမှနုတ်ထွက်မှုသည် ဆက်စပ်မှုရှိကြောင်း မီဒီယာတချို့က သတင်းရေးသားကြသည်။

အထူးကိုယ်စားလှယ် ဂျိုးဆက်ယန်သည် ၂၀၁၆ ခုနှစ် သမ္မတအိုဘားမားအစိုးရလက်ထက်တွင် ရာထူးခန့်အပ်ခြင်း ခံခဲ့ရသူဖြစ်သည်။



အထူးကိုယ်စားလှယ် ဂျိုးဆက်ယန်က မြောက်ကိုရီးယားနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့မှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ထိန်းသိမ်းပေးခဲ့သည်။ ယမန်နှစ် ဇွန်လက ဂျိုးဆက်ယန်သည် ပြုံယမ်းသို့ သွားရောက်ကာ အမေရိကန် ကျောင်းသား အိုတိုဝမ်ဘီယာ ပြန်လည်လွတ်မြောက်ရန် ကြိုးပမ်းခဲ့သူဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# သမ္မတဟောင်း ပတ်ဂွန်ဟေးအား ထောင်ဒဏ် နှစ် ၃၀ ချမှတ်စေရန် ဥပဒေပြုအမတ်များ တောင်းဆို

**ဆိုးလ် ဖေဖော်ဝါရီ ၂၇**
အကျင့်ပျက်ခြစားမှုဖြင့် တရားစွဲဆိုခြင်း ခံထားရသည့် တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွန်ဟေးအား ဥပဒေပြုအမတ်များက ထောင်ဒဏ် နှစ် ၃၀ ချမှတ်ရန် တရားရုံးသို့ တောင်းဆိုထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

**ငြင်းဆို**

သမ္မတဟောင်းပတ်ဂွန်ဟေးသည် ဆမ်ဆောင်းကုမ္ပဏီ အုပ်စုမှ အမေရိကန်ဒေါ်လာ သန်း ၄၀ ရယူထားခြင်းအပြင် အခြားသော အကျင့်ပျက် လာဘ်ပေးလာဘ်ယူမှုများ ကျူးလွန်ခဲ့သည်ဟု ဥပဒေပြုအမတ်များ၏ စွပ်စွဲမှုကို တရားရင်ဆိုင်လျက်ရှိသည်။ သို့သော် သမ္မတဟောင်း ပတ်ဂွန်ဟေးက ၎င်းအနေဖြင့် မည်သည့်အကျင့်ပျက်မှုကိုမျှ ကျူးလွန်ခဲ့ခြင်းမရှိဟု ပြန်လည် ငြင်းဆိုထားကြောင်းသိရသည်။

ယခုလ အစောပိုင်းတွင်သမ္မတပတ်၏ နှစ်ပေါင်းများစွာ ရင်းနှီးခဲ့သော မိတ်ဆွေ သူငယ်ချင်းဖြစ်သူ ချိုဆွန်ဆေးအား တရားရုံးက ပူးပေါင်းကြံစည်မှုဖြင့် စွဲချက်တင်ကာ ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် စီရင်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ပါပူဝါနယူးဂီနီတွင် အင်အားပြင်းငလျင်လှုပ် လူဒါဇင်နှင့်ချီ သေဆုံးပြီး အများအပြားဒဏ်ရာရ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၇**
ပါပူဝါနယူးဂီနီနိုင်ငံ၏ အလယ်ပိုင်းကုန်းမြင့်ဒေသတွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက်အစောပိုင်းက ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော ငလျင်လှုပ်ခဲ့ရာ လူဒါဇင်နှင့်ချီသေဆုံးခဲ့သည်ဟု ယုံကြည်ရကြောင်း ဖေဖော်ဝါရီ ၂၇ ရက် ဒေသတွင်း သတင်းများ၌ ဖော်ပြသည်။

ပါပူဝါနယူးဂီနီမြို့တော် ပို့စ်အော်ပရင့်စ်မြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၅၆၀ အကွာရှိ ပြည်နယ်များဖြစ်သည့် သစ်တောထူထပ်သည့် ဟီလာပြည်နယ်နှင့်တောင်ဘက်ပိုင်းရှိ ကုန်းမြင့်ဒေသတို့တွင် ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်တွင် အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သည့်ပြည်နယ်နှစ်ခုနှင့်ဆက်သွယ်မှုကွန်ရက်များပြတ်တောက်နေကြောင်း၊ ဟီလာပြည်နယ်အုပ်ချုပ်ရေးမှူး ဝီလျံဘန်ဒိုက ဂြိုဟ်တုဆက်သွယ်ရေးစနစ်မှတစ်ဆင့် ပြောကြားရာတွင် အတည်မပြုနိုင်သေးသည့် သတင်းများအရ သေဆုံးသူဦးရေမှာ ၃၀ကျော်ခန့်ရှိကြောင်း ပို့စ်ကူရီယာ သတင်းစာတွင် ဖော်ပြသည်။

**၃၀၀ ကျော် ဒဏ်ရာရ**

မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၃၀၀ ကျော်ခန့်ရှိကြောင်းနှင့် ၎င်းတို့မှာ ဒေသတွင်း ကျေးရွာများမှ အများစုဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

မြေငလျင်ဘေး တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအား အလျင်အမြန် ဆောင်ရွက်ရန် ကာကွယ်ရေးတပ်ဖွဲ့အကြီးအကဲအား အမိန့်ပေးထားကြောင်း ပါပူဝါနယူးဂီနီဝန်ကြီးချုပ် ပီတာအိုနေးက ပြောကြားသည်။

သဘာဝဘေးဒဏ်သင့် ပြည်သူများ၏ အထောက်အပံ့များ၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် မိမိတို့၏ တပ်မတော်သားများနှင့် အခြားအစိုးရအေဂျင်စီများမှ ဝန်ထမ်းများအား စေလွှတ်ခဲ့ကြောင်း ဝန်ကြီးချုပ်၏ ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ**

# ရုရှားနိုင်ငံအနောက်ပိုင်း၌ ဟိုတယ်တစ်လုံးမီးလောင် ကလေးသုံးဦးအပါအဝင် ခြောက်ဦးသေဆုံး

**မော်စကို ဖေဖော်ဝါရီ ၂၇**
ရုရှားနိုင်ငံအနောက်ပိုင်း ပမ်းဒေသတွင် ဖေဖော်ဝါရီ ၂၇ ရက်က ဟိုတယ်တစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ကလေးသုံးဦးအပါအဝင် လူခြောက်ဦးသေဆုံးကြောင်း ဒေသခံစုံစမ်းစစ်ဆေးရေး ကော်မတီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

**စုံစမ်းစစ်ဆေး**

မီးလောင်ကျွမ်းမှုကြောင့် အမျိုးသမီးတစ်ဦး၊ အမျိုးသားနှစ်ဦးနှင့် ကလေးသုံးဦးသေဆုံးခဲ့ကြောင်း၊ ယင်းမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ ရာဇဝတ်မှုခင်းဆိုင်ရာစုံစမ်းစစ်ဆေးမှု စတင်လုပ်ဆောင်နေကြောင်း အဆိုပါ ကော်မတီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မီးလောင်မှု ဖြစ်ပွားရာတွင် အကြမ်းဖက်မှုလက္ခဏာများ မျက်မြင်တွေ့ရှိရခြင်း မရှိကြောင်း ကနဦးထွက်ပေါ်လာသည့် သတင်းများ၌ ဖော်ပြသည်။ **ဆင်ဟွာ**

# ဗြိတိန်နိုင်ငံတစ်ဝန်းတွင် ဆီးနှင်းများထူထပ်စွာကျဆင်း ရထားခရီးစဉ်နှင့် လေယာဉ်ပျံသန်းမှုများ ဖျက်သိမ်းခဲ့ရ



**လန်ဒန် ဖေဖော်ဝါရီ ၂၇**
ဗြိတိန်နိုင်ငံတစ်ဝန်းတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းပြီး ရေခဲနေသည့်ရာသီဥတုကြောင့် ရထားခရီးစဉ် ၂၀၀ ကျော်နှင့် လေကြောင်းခရီးစဉ် ၆၀ ကျော်တို့ကို ဖျက်သိမ်းလိုက်ရသည်။ ယင်းဖြစ်ရပ်မှာ ဗြိတိန်နိုင်ငံ၏ ဆက်သွယ်ရေး ကွန်ရက်အတွက် အကြီးအကျယ်ထိခိုက်ပျက်စီးမှုဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံ၏ဒေသအများစုတွင် ကုန်းလမ်းဆက်သွယ်ရေး၌ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ဖွယ်ရှိကြောင်း သတိပေးချက် ထွက်ပေါ်လာပြီး ရထားနှင့်လေကြောင်းပျံသန်းမှုများ၌ ယခုရက်သတ္တပတ်အလယ်ရက်များထိ ရွှေ့ဆိုင်းရဖွယ်ရှိသည်။

**ရပ်ဆိုင်းထား**

ဂရိတ်တား အိန်ဂျလီယာ ရထားပို့ဆောင်ရေးလိုင်းမှ ရထားခရီးစဉ် ၂၀၀ ကျော်ကို ဖေဖော်ဝါရီ ၂၆ နှင့် ၂၇ ရက်များတွင် ရပ်ဆိုင်းထားခဲ့သည်။ ယင်းရထားပို့ဆောင်ရေးလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်နေသည့် ဂရိတ်နော့သင်းကုမ္ပဏီက ရထားအချိန်စာရင်းများကို ကြီးမားစွာ လျှော့ချခုတ်မောင်းသွားရလိမ့်မည်ဟု ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အလားတူပင် ဗြိတိသျှလေကြောင်းလိုင်းကလည်း ခရီးတိုပျံသန်းသည့်လေယာဉ်ခရီးစဉ် ၆၈ ခုကို ဖျက်သိမ်းခဲ့သည်။

အင်္ဂလန်နိုင်ငံ အရှေ့ပိုင်းဒေသအချို့၊ စကော့တလန်နှင့် အိုင်ယာလန်မြောက်ပိုင်းတို့တွင် ဖေဖော်ဝါရီ ၂၈ ရက်၌ ဆီးနှင်းများ ၂၀ စင်တီမီတာအထိ ထူထပ်စွာကျဆင်းနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းဖော်ပြသည်။ **ဆင်ဟွာ**

# ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်၏ **ကသာခရိုင် ဝန်းသိုမြို့နယ် ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မောင်းကော်တံတားသည် ဒေါင်းမြူးချောင်းကို ဖြတ်၍ တည်ဆောက်ထားပြီး တံတားအမျိုးအစားမှာ R.P.T သံကူကွန်ကရစ် အမျိုးအစားဖြစ်ပါကြောင်း၊ တံတားအရှည်မှာ ၁၁၅ ပေရှိပြီး ခန်းဖွင့်မှာ ၂၄ ပေ RC တစ်ခန်း၊ ၆၄ ပေ R.P.T တစ်ခန်း၊ ၂၇ပေ RC တစ်ခန်း ဖြစ်ပါကြောင်း၊ ယာဉ်သွားလမ်းအကျယ်မှာ ၃ ဒသမ ၆၆ မီတာ တစ်လမ်းသွားဖြစ်ပါကြောင်း။

မောင်းကော်တံတားကို ၁၉၂၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၉၇ နှစ်ခန့် ကြာမြင့်ပြီဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်သည် ၁၃ တန်သာရှိပါကြောင်း၊ ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် ပင်လည်ဘူးဘက်ခြမ်း ကမ်းကပ်ခုံရေတိုက်စားမှုကြောင့် ချဉ်းကပ်တံတား ပြိုကျပျက်စီးခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့ပါကြောင်း၊ တစ်နေ့တာသွားလာသည့် ယာဉ်အစီးရေမှာ ၆၈ စီးခန့်ရှိပါကြောင်း၊ ထိုတံတားသည် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် မူဆယ်-နမ့်ခမ်း-ထီးချိုင့်-ဝန်းသို-ပင်လည်ဘူး-ဖောင်းပြင်-တမူးလမ်းပေါ်တွင် တည်ရှိပြီး အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံ ဆက်သွယ်မည့် အဓိကလမ်းမကြီး ပေါ်တွင် ဖြစ်ပေါ်လာမည့် တံတားဖြစ်ပြီး နှစ်လမ်းသွား တံတားအဖြစ် အဆင့်မြှင့်တင်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **တောင်တွင်းကြီးမြို့နယ်ရှိ ဗိသနိုး ယဉ်ကျေးမှုနယ်မြေ မြို့ပတ်လမ်းဖြစ်သော အုန္နဲတန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက မကွေးတိုင်းဒေသကြီး ဗိသနိုး နယ်မြေ မြို့ပတ်လမ်းဖြစ်သော အုန္နဲတန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်း



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း



ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင်

၂ မိုင် ၁ ဖာလုံသည် ဗိသနိုးရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း တည်ရှိပြီး လက်ရှိလမ်းအခြေအနေသည် ကျေးရွာမှ ဆောင်ရွက်ထားသော တစ်ကြောင်းထိုး မြေသားလမ်းဖြစ်၍ ရွှေရောင်တော်ဘုရားလမ်းမှတစ်ဆင့် မကွေး-တောင်တွင်းကြီးလမ်းသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် အမာခံမြေသားလမ်း စတင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ လျာထားပြီးဖြစ်သည့်အတွက် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မြစ်ကြီးနား-ရွှေဘို-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်း လမ်းပိုင်းနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့် လမ်းပိုင်းတို့အား B.O.Tစနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားမှုအခြေအနေ**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင် လမ်းပိုင်းကို B.O.Tစနစ်ဖြင့် ဆောင်ရွက်ရန် မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီကို ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ခွင့်ပြုပေးခဲ့ပါကြောင်း၊ အဆိုပါကုမ္ပဏီသည် နမ္မတီးမှ လဝါးထိ မိုင် ၂၀ သာ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်းပြီးစီး ဆောင်ရွက်ခဲ့ပြီး ကျန်အပိုင်းများကို လုံခြုံရေးတည်ငြိမ်မှုမရှိခြင်းကို အကြောင်းပြ၍ ဝင်ရောက်ဆောင်ရွက်ခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတား ၁၂ စင်း၏ ချဉ်းကပ်လမ်းများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေတင်ပြတောင်းခံ သွားမည်ဖြစ်ပြီး ရွှေဘို-မြစ်ကြီးနားလမ်းကို BOT ပေးရန် မရှိပါကြောင်း၊ ယင်းအပိုင်းများကို ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းကို ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ကုမ္ပဏီတစ်ခုကို BOT စနစ်များဖြင့် လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုခဲ့ပါကြောင်း၊ ယင်းကုမ္ပဏီက မငြိမ်းချမ်းမှုအကြောင်းပြချက်ဖြင့် လုပ်ငန်းများ မပြုလုပ်ခဲ့သည့်အတွက် ၂၀၁၆ ခုနှစ် ဧပြီ ၁ရက်နောက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်း၍ အဆိုပါလမ်းပိုင်းကို ပြန်လည်သိမ်းယူခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းများဖြင့် ဝင်ရောက်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အလားတူ လဝါး-ပန်ဆောင်လမ်းပိုင်းကိုလည်း ပြန်လည်သိမ်းယူပြီး ဝန်ကြီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများဖြင့် ဝင်ရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးနှင့် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **"တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးဌေးငွေက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် "တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၀ရက်တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့် မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြပါကြောင်း ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မတ် ၅ ရက်တွင်ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း ပိုမိုကောင်းမွန်ပြည့်စုံစေရေး ပြင်ဆင်ညှိနှိုင်းပြုစုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၃ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်ကျော်စိုး၏ **ကယားပြည်နယ် ပြည်နယ်တရားလွှတ်တော် (High Court)ရုံးကို လာမည့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံတည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က ကယားပြည်နယ် တရားလွှတ်တော် အဆောက်အအုံကို ၂၀၁၁ ခုနှစ်တွင် စစ်အင်ဂျင်နီယာတပ်မှ မွမ်းမံ ပြင်ဆင်ပေးခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးမှ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် ကယားပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမနှင့် အရာရှိရုံးခန်းများ တိုးချဲ့အဆောက်အအုံ တစ်ထပ် RC တစ်လုံးကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အလျားပေ ၄၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိသည့် လှိုင်ကော်ခရိုင်နှင့် မြို့နယ် အချုပ်ခန်းကို သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်က ခွင့်ပြုငွေကျပ် ၂၀ သန်းဖြင့် ဆောက်လုပ်ပြီးစီးအသုံးပြုလျက်ရှိပါကြောင်း၊ ပြည်နယ်တရားလွှတ်တော်နှင့် ပြည်နယ် တရားရေးဦးစီးမှူးရုံးများအနေဖြင့်လည်း ပြစ်မှုဆိုင်ရာ အမှုများ လက်ခံဆောင်ရွက်ရခြင်းမရှိသည့်အတွက် သက်သေခံပစ္စည်းများ လက်ရှိထိန်းသိမ်းရခြင်းမရှိပါကြောင်း၊ ပြည်နယ်တရားလွှတ်တော်အတွက် သက်သေခံပစ္စည်းသိုလှောင်ရုံထားရှိရန် လိုအပ်ခြင်းမရှိပါကြောင်းနှင့် ကယားပြည်နယ် တရားလွှတ်တော်ရုံးကို လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၌ ထည့်သွင်းရေးဆွဲ၍ အသစ်ထပ်မံတည်ဆောက်ပေးရန် 



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်



ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်လွီးဇာ

အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၏ **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အဆိုပါ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းသို့ ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲခဲ့ပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီက ပြန်လည်လေ့လာစိစစ်ခဲ့ရပါကြောင်း၊ ထိုသို့ စိစစ်ရာတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်သည့် အချက်များရှိသည့်အတွက် ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးမှသာ အတည်ပြုရမည့် ဥပဒေဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းလာခဲ့ပါကြောင်း။

ယင်းအစီရင်ခံစာအပေါ်တွင် ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးခဲ့ပြီး ဆိုင်းငံ့ထားရန် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က ဆိုင်းငံ့ထားရန် သဘောတူ အတည်ပြုခဲ့သည်ကို အလေးဂရုပြုလျက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပိုမိုကောင်းမွန်ပြည့်စုံစေရေးအတွက် ဆက်လက်ပြင်ဆင်ညှိနှိုင်း ပြုစုလျက်ရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာ၏ **ကယားပြည်နယ်၊ ဖရူဆိုမြို့မှ ဒိုးပရယ်ရွာအထိကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ဒိုးပရယ်ရွာမှ လျားဒူရွာအထိကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဖရူဆိုမြို့နယ်တွင်ရှိသော ဖရူဆိုမှ ဒိုးပရယ်ရွာအထိ (၄/၃)မိုင် ကတ္တရာ ခင်းခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယ ၁၂ လပတ်တွင် အဆိုပြုလျာထား တင်ပြထားပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေခွင့်ပြုမှုအပေါ်မူတည်၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဒိုးပရယ်ရွာမှ လျားဒူရွာအထိ ကျောက်လမ်းအဖြစ် တိုးမြှင့်ပေးရန်နှင့်ပတ်သက်၍ ဒိုးပရယ်-ဝှယ်သူတော်-ထီးဒူလယ်-လျားဒူ-ထီးလျားဆို ကျေးရွာချင်းဆက်လမ်းမှာ ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၁၁၁ လုံး၊ လူဦးရေ ၅၆၂ဦး ရှိပါကြောင်း၊ အဆိုပါလမ်းမှာ ၁၉၆၂ ခုနှစ်ဝန်းကျင်တွင် ဖောက်လုပ်ခဲ့ပြီး လမ်းအရှည်အနေဖြင့် (၄/၅)မိုင်၊ အကျယ် ၁၀ ပေခန့်သာရှိကြောင်း ဆန်းစစ်သိရှိရပါကြောင်း၊ အဆိုပါ လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းများကို ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်နယ်)ရန်ပုံငွေတွင် အဆိုပြုလျာထားတင်ပြထားပါကြောင်း ဖြေကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၏မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက **အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act) ကိုပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဆီးချိုရောဂါလက္ခဏာရပ်တွေအကြောင်း သိကောင်းစရာ

**Hello ဆရာဝန်**




ဆီးချိုရောဂါရဲ့ အစောဆုံးလက္ခဏာရပ်တွေက သွေးတွင်းသကြားဓာတ်တစ်မျိုးဖြစ်တဲ့ ဂလူးကို့စ်ပမာဏက ပုံမှန်ထက်မြင့်တက်နေတာပဲ ဖြစ်ပါတယ်။ ဆီးချိုရောဂါဖြစ်ခါစလက္ခဏာတွေက သိပ်မသိသာတာကြောင့် အမှုမဲ့ အမှတ်မဲ့ဖြစ်နေတတ်ကြပါတယ်။ အချို့သူတွေမှာဆိုရင် အချိန်ကြာလာတာနဲ့အမျှ ခန္ဓာကိုယ်မှာ ထိခိုက်ယိုယွင်းတာတွေဖြစ်လာတဲ့အခါမှ ဆီးချိုရောဂါခံစားနေရတာကို သိသွားတာမျိုးလည်း ရှိပါတယ်။

**အမျိုးအစား(၁)**

ဆီးချိုရောဂါမှာတော့ လက္ခဏာရပ်တွေဖြစ်ပေါ်မှုက မြန်ဆန်လေ့ရှိပြီး တော်တော်လေးလည်း ပြင်းထန်တတ်ပါတယ်။ ရက်ပိုင်းအတွင်း၊ ဒါမှမဟုတ်ရင် သီတင်းပတ်အနည်းငယ်အတွင်းမှာ ရောဂါလက္ခဏာတွေကို သိရတာမျိုးတွေလည်း ရှိပါတယ်။

**အမျိုးအစား(၂)**

ဆီးချိုရောဂါ ခံစားနေရသူအများစုဟာ ကလေးအရွယ်နဲ့ အရွယ်ရောက်စမှာကတည်းက ရောဂါခံစားနေရတာကို သိရှိနိုင်ပြီး ရောဂါလက္ခဏာတွေက အရွယ်သုံးပါးစလုံးမှာ အတူတူပဲဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသူတွေမှာတော့ ကလေးငယ်တွေလိုမျိုး ရောဂါခံစားနေရမှုကို မြန်မြန်ဆန်ဆန် အတည်မပြုနိုင်ပါဘူး။

**အတွေ့များတဲ့ရောဂါလက္ခဏာရပ်တွေ**

ဆီးချိုရောဂါ အမျိုးအစားနှစ်ရပ်စလုံးမှာ ရောဂါခံစားနေရတယ်လို့ သိရှိနိုင်တဲ့အချက်အချို့က ခပ်ဆင်ဆင် ဖြစ်နေတတ်ပါတယ်။

**ဆာလောင်ခြင်းနဲ့ ပင်ပန်းနွမ်းလျခြင်း**

ခန္ဓာကိုယ်က စားသုံးလိုက်တဲ့ အစားအသောက်တွေကို ဆဲလ်တွေက စွမ်းအင်အနေနဲ့ အသုံးပြုနိုင်မယ့် ဂလူးကို့စ်တွေအဖြစ် ပြောင်းလဲပေးပါတယ်။ တကယ်လို့ ခန္ဓာကိုယ်က အင်ဆူလင်ပမာဏကို လုံလောက်အောင် မထုတ်ပေးနိုင်ရင်ဖြစ်ဖြစ်၊ ဆဲလ်တွေက ခန္ဓာကိုယ်က ထုတ်လုပ်တဲ့ အင်ဆူလင်ကို ခုခံနေတဲ့အနေအထားမျိုးဖြစ်နေရင်ပဲဖြစ်ဖြစ် ဂလူးကို့စ်က ဆဲလ်တွေထဲကို မရောက်ရှိနိုင်တော့ဘဲ အားမရှိသလို ခံစားရစေမှာ ဖြစ်ပါတယ်။ အဲလိုအခါမျိုးမှာ ပိုမိုဆာလောင်စေပြီး ပုံမှန်ထက် ပိုပင်ပန်းတယ်လို့ ခံစားရမှာ ဖြစ်ပါတယ်။

ဆီးချိုဝေဒနာ ခံစားနေရသူတွေအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ ဖြည့်စွက်စာတွေက ဆာလောင်မှုကို လျော့ပါးသက်သာစေဖို့အတွက်နဲ့ သွေးတွင်းဂလူးကို့စ်ပမာဏကို ထိန်းညှိရာမှာ အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ထုတ်လုပ်ထားလေ့ရှိပါတယ်။

**ဆီးခဏခဏသွားခြင်းနဲ့ ပုံမှန်ထက် ရေပိုငတ်ခြင်း**

လူတစ်ယောက်ဟာ ပျမ်းမျှအားဖြင့် ၂၄ နာရီအတွင်း ဆီးကို လေးကြိမ်ကနေ ခုနစ်ကြိမ်အထိ သွားလေ့ရှိတယ်ဆိုပေမယ့် ဆီးချိုဝေဒနာခံစားနေရသူတွေကတော့ ဆီးသွားတဲ့အကြိမ်ရေက ပိုများနေနိုင်ပါတယ်။

**ခံတွင်းခြောက်ခြင်းနဲ့ အရေပြားယားယံခြင်း**

ဆီးခဏခဏသွားရတဲ့အခါ ခန္ဓာကိုယ်ရဲ့အခြားကဏ္ဍတွေအတွက် အစိုဓာတ်လျော့နည်းသွားပြီး ရေဓာတ်ခန်းခြောက်တာနဲ့ ခံတွင်းခြောက်တာမျိုးတွေကို ခံစားရနိုင်ပါတယ်။ အရေပြားခြောက်သွေ့တာက ယားယံခြင်းတွေကို ဖြစ်ပေါ်စေပါတယ်။

**အမြင်အာရုံဝေဝါးခြင်း**

ခန္ဓာကိုယ်ထဲက အရည်ပမာဏပြောင်းလဲမှုက မျက်လုံးအိမ်အတွင်းမှာရှိတဲ့ မှန်ဘီလူးကို ရောင်ကိုင်းစေပြီး ပုံရိပ်ရဲ့အရွယ်အစားကို ပြောင်းလဲစေနိုင်သလို အာရုံစိုက်နိုင်စွမ်းကိုလည်း လျော့ကျစေနိုင်ပါတယ်။

**ဆီးချိုရောဂါရဲ့လက္ခဏာရပ်များ**

သွေးတွင်းဂလူးကို့စ်ပမာဏ အချိန်ကြာမြင့်စွာ မြင့်တက်နေတဲ့အခါ အောက်ပါရောဂါလက္ခဏာရပ်တွေ ခံစားရနိုင်ပါတယ်။

**မှိုပိုးကူးစက်ခြင်း**

ဆီးချိုဝေဒနာခံစားနေရတဲ့ အမျိုးသားရော အမျိုးသမီးမှာပါ မှိုပိုးကူးစက်မှုကို ခံစားရနိုင်ပါတယ်။ မှိုပိုးကူးစက်မှုက လက်ချောင်း၊ ခြေချောင်းတွေကြား၊ ရင်သား အောက်ဘက်၊ လိင်အင်္ဂါအတွင်းနဲ့ လိင်အင်္ဂါတစ်ဝိုက်မှာ အဖြစ်များပါတယ်။

**အနာကျက်နှေးခြင်း**

သွေးတွင်းသကြားဓာတ်မြင့်မားနေမှုက သွေးစီးဆင်းမှုကို ထိခိုက်စေပြီး အာရုံကြောတွေကို ထိခိုက်ပျက်စီးစေတာကြောင့် အနာကျက်နှေးစေတာ ဖြစ်ပါတယ်။

**အကြောင်းအရင်းမရှိဘဲ ကိုယ်အလေးချိန်ကျဆင်းနေခြင်း**

ခန္ဓာကိုယ်က အစားအစာတွေက နေစွမ်းအင်ကို မရရှိတဲ့အခါ စွမ်းအင်အတွက် ကြွက်သားနဲ့ အဆီတွေကို စတင်လောင်ကျွမ်းစေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ အစားအသောက်ပုံစံ ပြောင်းလဲတာမျိုးမရှိဘဲ ကိုယ်အလေးချိန် ကျဆင်းတာမျိုးကို ဖြစ်ပေါ်စေနိုင်ပါတယ်။

**မအီမသာဖြစ်ခြင်းနဲ့ ပျို့အန်ခြင်း**

ခန္ဓာကိုယ်က အဆီလောင်ကျွမ်းမှုအပေါ်မှာပဲ အားပြုထားရတဲ့အခါ ketones လို့ခေါ်တဲ့ သွေးတွင်းအက်စစ်ထုတ်လွှတ်မှုကို ဖြစ်ပေါ်စေပါတယ်။ သွေးထဲမှာ ketones ပမာဏက အန္တရာယ်ဖြစ်စေနိုင်တဲ့ အတိုင်းအတာအထိ မြင့်တက်လာတဲ့အခါ diabetic ketoacidosis လို့ခေါ်တဲ့ ဆီးချိုရောဂါရဲ့ ပြင်းထန်တဲ့ နောက်ဆက်တွဲရောဂါကို ခံစားရစေပါတယ်။

---

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ပျော်ရွှင်စရာ ကလေးတို့ကမ္ဘာ ပုံတူပန်းချီရေးဆွဲနည်းပြိုင်ပွဲ ကျင်းပ

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂၇**

ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စရာ ကလေးတို့ကမ္ဘာ "ပုံတူပန်းချီရေးဆွဲနည်းပြိုင်ပွဲ" ကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး Community Centre ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ် ပြန်/ဆက် ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



---

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၂ ဒသမ ၇၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၆ ဒသမ ၈၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၃၉ ဒသမ ၆၃ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၄၁ ဒသမ ၅၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၆ ဒသမ ၀၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၅၇ ဒသမ ၆၀ သန်း ဖြစ်ပါသည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၉၇ ဒသမ ၂၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၁၇ ဒသမ ၉၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၆၁၉၆ ဒသမ ၉၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၁၁ ဒသမ ၂၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉၄၀၈ ဒသမ ၂၂ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၁၃ ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၄၇ ဒသမ ၀၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၆၀ ဒသမ ၉၄ သန်း ဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၄၆၉ ဒသမ ၁၆ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၂၆၅၂ ဒသမ ၇၂ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**ကြေးမုံ**

---

## အစားအသောက်အခြေခံဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရဆိုင်ရာ အခြေခံအသိပညာပေးဆွေးနွေး

**မြိတ် ဖေဖော်ဝါရီ ၂၇**

စားသောက်ကုန်ထုတ်လုပ်ရေးကွင်းဆက်တွင် အစားအသောက် အခြေခံဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အာဟာရဆိုင်ရာ အခြေခံအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မြိတ်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စားသောက်ကုန် ထုတ်လုပ်ဖြန့်ဖြူးရေးကွင်းဆက်တွင် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ငါးလုပ်ငန်းတွင် အန္တရာယ်များနှင့် ဘေးအန္တရာယ်များ၊ လုံခြုံစိတ်ချရသော အစားအသောက်ထုတ်လုပ်မှုကျင့်စဉ်များ၊ SSOP သန့်ရှင်းမှုကို စံနှုန်းသတ်မှတ်၍ လုပ်ကိုင်သည့် လုပ်ငန်းစဉ်၊ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ် ခေါင်းစဉ်များဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် အစားအသောက်အခြေခံဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် ကောင်းမွန်သော အာဟာရနှင့် ကျန်းမာရေး၊ မရှိမဖြစ်လိုအပ်သော အာဟာရအုပ်စုများ၊ အဓိကအာဟာရဓာတ်များနှင့် အဏုအာဟာရဓာတ်များ၊ လူသားတို့အတွက် လိုအပ်သော စွမ်းအင်၊ အာဟာရချို့တဲ့မှုကြောင့် ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများ၊ အာဟာရလွန်ကဲခြင်းနှင့် ချို့တဲ့ခြင်း၊ ကျန်းမာသော ဘဝအာဟာရအတွက် အစားအစာများ ခေါင်းစဉ်များဖြင့် အာဟာရဆိုင်ရာ အခြေခံအသိပညာများကို Science and Technology Association (Myanmar) မှ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ မုန့်မျိုးစုံနှင့် အစားအသောက်ထုတ်လုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စသော ရေထွက်ပစ္စည်းထုတ်လုပ်ရောင်းချသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၉၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့ပြီး ပုသိမ်နှင့် မကွေးမြို့တို့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**ခိုင်ထူး(ပြန်/ဆက်)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောဖုံးမှ**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်နှင့် ဦးရည်မွန်၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် နန့်ပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် စခန်းရှုရပ်မှ ဆင်ထိန်းသိမ်းစောင့်ရှောက်နေမှုအားကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဒေါက်တာညီညီအောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ထင်းရှူးပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စခန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂွန်ရွှေဘက ရှမ်းရိုးမ ဆင်စခန်းဆိုင်ရာအချက်အလက်များ၊ ရှမ်းရိုးမအပန်းဖြေရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ရှမ်းရိုးမဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသည် မိတ္ထီလာ-တောင်ကြီးလမ်း မိုင်တိုင်(၅၄/၃)ရှိ နမ့်ပန်တက်ကျေးရွာအနီးတွင် တည်ရှိပြီး ဧက ၉၀၀ ခန့်ကျယ်ဝန်းကာ စခန်းကို အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပြီး နိုင်ငံတော်ဝင်ငွေရရှိရေး၊ ဆင်ဝန်ထမ်းများနှင့် မိသားစုဝင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မြန်မာ့သစ်လုပ်ငန်းမှ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးဆောင်ရွက်နေမှုများကို အများပြည်သူသိရှိလေ့လာနိုင်ရေး၊ ဆင်ထိန်းသိမ်းရေးစခန်းများမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများပူးတွဲဆောင်ရွက်မှုကို အများပြည်သူများပါဝင် ဆောင်ရွက်လေ့လာနိုင်ရေး၊ မြန်မာနိုင်ငံ၏ သဘာဝကို အခြေခံသောခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ ရေရှည်ရပ်တည်နိုင်ရေးတို့ကို ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ရှမ်းရိုးမအပန်းဖြေဆင်စခန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Green Hill Valley (စိမ်းလဲ့တောင်ကြားဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း)သို့ ရောက်ရှိကြရာ Main Camp ၌ စခန်းတာဝန်ခံ ဒေါ်တင်ဝင်းမော်က ဆင်ထိန်းသိမ်းစောင့်မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ထိပ်ကျေးရွာရှိ ရတနာစပျစ်ခြံ အမှတ်(၁)သို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်း၊ ခြံလုပ်ငန်းရှင် ဦးချစ်ဖိုးနှင့် တာဝန်ရှိသူများက စပျစ်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက စပျစ်သည် စိုက်ပျိုးသူ တောင်သူများအတွက် စီးပွားဖြစ်တွက်ခြေကိုက်သည့် သီးနှံဖြစ်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသွားနိုင်ရေး၊ ခိုင်မာသောစပျစ်ဈေးကွက် ဖန်တီးနိုင်ရေးအတွက် ဝိုင်စက်ရုံတည်ထောင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် စပျစ်စိုက်ပျိုးရေးခြံအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနဗဟိုခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယ





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရတနာစပျစ်စိုက်ပျိုးရေးခြံကို လှည့်လည်ကြည့်ရှုစဉ်။

ဆင်စခန်းဖွင့်လှစ်ထားရှိမှု၊ စခန်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုများနှင့် ဆက်လက်တိုးချဲ့ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက စခန်းတည်ထောင်ရသည့် ရည်ရွယ်ချက် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စခန်းအတွင်းသွားလာနေသည့် လမ်းများကို ရာသီမရွေး သွားလာနိုင်သည့်လမ်းများအဖြစ် ဆောင်ရွက်ရေး၊ စခန်းကို အောင်မြင်သည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအဖြစ် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ရေးနှင့် နိုင်ငံတကာနယ်ပယ်တွင် ပိုမိုသိရှိလာနိုင်ရန် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရှမ်းရိုးမ ဆင်ထိန်းသိမ်း စောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စခန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဆင်စွန့်ပစ် ပစ္စည်းအသုံးချမှုလုပ်ငန်းကို ကြည့်ရှုပြီး Green Hill Valley အတွင်းလှည့်လည်ကြည့်ရှုသည်။

အဆိုပါ စခန်းကို ၂၀၁၁ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်းမိသားစုဝင်များက လုပ်ငန်းမှအနားပေးသည့်ဆင်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပလေ့လာသူများကို ဆင်နှင့်ပတ်သက်သည့် အသိအမြင်များမျှဝေဖြန့်ဖြူးပေးနိုင်ရန်နှင့် လေ့လာသူများကို ဆင်များပြုစုစောင့်ရှောက်ရေးလုပ်ငန်းများတွင် သဘောဆန္ဒအလျောက် ကိုယ်တိုင်ပါဝင်စေခြင်းဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ပိုမိုစိတ်ပါဝင်စားလာစေရန် ညွှန်ကြားရေးမှူးချုပ် ဦးသန်းလွင်ဦးတို့က တပ်ကုန်းစိုက်ပျိုးရေးသုတေသနဗဟိုခြံဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များ၊ သီးနှံဗဟိုခြံနှင့် ဒေသသုတေသနခြံဆိုင်ရာအချက်အလက်များ၊ လူ့စွမ်းအားအရင်းအမြစ်အခြေအနေများ၊ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သုတေသနရလဒ်များ၊ သုတေသနလုပ်ငန်းများတိုးတက်ဆောင်ရွက်နိုင်ရေး အဓိကလိုအပ်ချက်များနှင့် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေးသုတေသနခြံများ ဖွင့်လှစ်ထားရှိနိုင်ရန် ဆောင်ရွက်ရေး၊ ဩဂဲနစ်စိုက်ပျိုးမှုစနစ်ကို ပိုမိုဖြစ်ထွန်းအောင်ဆောင်ရွက်ရေး၊ ဒေသထွက်ကုန်များကို ဈေးကွက်ဝင်တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် နိုင်ငံတကာသို့တင်ပို့ရောင်းချနိုင်ရေး၊ သီးနှံများကြာရှည်ထိန်းသိမ်းနိုင်ရေးအတွက် အအေးခန်းသိုလှောင်ရုံများ လုံလောက်စွာ တည်ဆောက်နိုင်ရေးနှင့် ထုတ်လုပ်ပြီးမျိုးစေ့များ ဖြန့်ဖြူးရောင်းချရာတွင် ပုဂ္ဂလိကများနှင့် တိုးမြှင့်ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရှုရပ်မှ အစေ့ထုတ်စပ်မျိုးပြောင်းဖူး ဧက ၆၀ မျိုးစေ့ထုတ်လုပ်ရေးကို ကြည့်ရှုပြီး စိုက်ပျိုးရေးသုတေသနခြံအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဇော်ဝင်း ကြည့်မြင်တိုင် မဲဆန္ဒနယ်၏မိတ်ဆွေတစ်ဦး၊ ဒေါက်တာစောနိုင် တောင်ဥက္ကလာပမဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဦးကျော်အောင်လွင် စေတုတ္တရာ မဲဆန္ဒနယ်၏ မိတ်ဆွေ ၂၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် လူငယ်ညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် ၄၀၀ စုစုပေါင်း ၄၂၆ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ၂၀၁၈ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။

**○ ရှေ့ဖုံးမှ**

ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၉ သို့ ❖**


ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရည်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည် သီလရှင် ဆရာကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ သီလရှင် ဆရာကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး သီလရှင်ဆရာကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ စာမျက်နှာ ၈ မှ

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌ ဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဒုတိယသမ္မတ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှတို့က သီလရှင်ဆရာကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းလောင်းအမျှဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်း ဆောင်ရွက်

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ကျေးရွာဖြစ်သည့် ကညင်တပင်ကျေးရွာတွင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာ ရွာလယ်လမ်းမကြီး ဝင်္ဂခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၇ ရက်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာကော်မတီဝင်များ၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ ရွာသားများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ကျဝန်ထမ်းများ တွေ့ဆုံပြီး လမ်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော် (IPRD)**

**✻ (၁၄)ကြိမ်မြောက်မှ**
နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်မှ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေချမှတ်နိုင်မှာ ဖြစ်တဲ့အတွက် UPDJC ဟာ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အလွန်အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါရှိပါတယ်။

"UPDJC မှာ ကျွန်တော်တို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့က လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင် ကွယ်လွန်သွားခဲ့တဲ့အတွက် အထူး စိတ်မကောင်းဖြစ်ရသလို မိသားစုနဲ့အတူ ဝမ်းနည်းကြေကွဲရ ပါကြောင်း ပြောကြားလိုပါတယ်။

"အားလုံးသိကြတဲ့အတိုင်း ဖေဖော်ဝါရီ ၁၃ ရက်က နေပြည်တော်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို မွန်ပြည်သစ်ပါတီနဲ့ လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြ ပါတယ်၊ ပါဝင်လက်မှတ်ရေးထိုးတဲ့ အဖွဲ့နှစ်ဖွဲ့ကို လှိုက်လှိုက်လှဲလှဲဝမ်းသာဂုဏ်ယူစွာနဲ့ ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

"တစ်ဆက်တည်းမှာပဲ NCA စာချုပ်မှာ ပါဝင် လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း လက်မှတ်ရေးထိုး နိုင်ဖို့ ငြိမ်းချမ်းရေးတံခါး အမြဲဖွင့်လှစ်ထားကြောင်း ဒီနေရာ ကနေ ပြောကြားလိုပါတယ်၊ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပါဝင်လာ ဖို့အတွက် UPDJC အဖွဲ့ဝင်များက တစ်ဖက်တစ်လမ်းမှ အတတ်နိုင်ဆုံး ကူညီပံ့ပိုး ဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

"ပြီးခဲ့တဲ့ (၁၂) ကြိမ်မြောက် UPDJC အစည်းအဝေး မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ကျင်းပနိုင်ဖို့အတွက် ညီလာခံမှာ ဆွေးနွေးမယ့် ခေါင်းစဉ်တွေကို သဘောတူသတ်မှတ်ပေးနိုင် ခဲ့ပါတယ်၊ (၁၃)ကြိမ်မြောက် UPDJC အစည်းအဝေးမှာ လည်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ UPDJC ToR၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ToR SOP တွေကို ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးနိုင်ခဲ့ပါတယ်၊ ဒ့ါအပြင် အဲဒီမူဘောင် ToR SOP တွေကို ခြောက်ကြိမ်မြောက် JICM အစည်းအဝေးမှာ ဆက်လက်တင်ပြပြီး ဆွေးနွေးရန် ကျန်ရှိတဲ့ အချက်တွေမှအပ အတည်ပြုထားပြီးလည်း ဖြစ်ပါတယ်၊ ဒီမူဘောင် ToR SOP တွေနဲ့အညီ အမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ကြလိမ့်မယ်လို့မျှော်လင့်ပါတယ်။

"နောက်ထပ်လာမယ့် -(၂၁)ရာစုပင်လုံညီလာခံ အစည်းအဝေး တတိယအကြိမ်မှာ ဖက်ဒရယ်မူတွေချမှတ် နိုင်အောင်၊ ဖက်ဒရယ်အုတ်မြစ်ကို ခိုင်ခိုင်မာမာစိုက်ထူနိုင် အောင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ NMSP နဲ့ LDUတို့ NCA မှာ ပါဝင်လက်မှတ်ထိုးတဲ့ပွဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့တာကို ကျွန်တော့်အနေနဲ့ ဒီနေရာမှာထပ်လောင်းပြောကြားလိုပါ တယ်။

"UPDJC အဖွဲ့ဝင်များအနေနဲ့ ယုံယုံကြည်ကြည်နဲ့ လက်တွဲပူးပေါင်းပေးကြဖို့နဲ့ အချင်းချင်းနားလည်မှု တည်ဆောက်ပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တစ်ဖက်နဲ့ တစ်ဖက် အပေးအယူ၊ အလျှော့အတင်း ပြုလုပ်ကာ နိုင်ငံရေး သဘောတူညီချက်တွေ ရရှိစေမဲ့ နိုင်ငံရေးအခင်းအကျင်းကို ဖန်တီးပေးကြဖို့၊ ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံ လိုပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက "ဒီနေ့အစည်းအဝေး မှာ မွန်ပြည်သစ်ပါတီနဲ့ RCSS/ SSA တို့ရဲ့ အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးနဲ့ ပတ်သက်ပြီး လည်း ဆွေးနွေးကြဖို့ရှိပါတယ်၊ RCSS/ SSA ဆိုရင် ခြောက် ကြိမ်မြောက် JICM အစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ကြားကနေစေ့စပ်ညှိနှိုင်းပေးမှု ကြောင့် လင်းခေးမှာ ကျင်းပဖို့ သဘောတူနိုင်ခဲ့ပါတယ်၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်း အဝေးကို မူလကသဘောတူဆုံးဖြတ်ထားခဲ့တဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးအပတ်မှာ ကျင်းပနိုင်ခြင်း မရှိခဲ့ဘဲ ဒီကနေ့အထိ ဆက်လက်ဆွေးနွေးညှိနှိုင်းနေရဆဲပဲ ဖြစ်ပါတယ်။

"ညီလာခံကျင်းပနိုင်ခြင်းမရှိဘဲ ရပ်တန့်နေမှုဟာ နိုင်ငံရေးဆွေးနွေးပွဲတွေကို အဓိကတာဝန်ယူတဲ့ ကျွန်တော်တို့ UPDJC နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်၊ ရှေ့မတိုးနိုင်၊ နောက်မဆုတ်နိုင်ဖြစ်နေရတဲ့ အနေအထား ကြောင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကြန့်ကြာနေဦးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့တိုင်းရင်းသားပြည်သူ တွေရဲ့ မျှော်လင့်ချက်တွေဟာ မှေးမှိန်နေဦးမှာပဲ ဖြစ်ပါ တယ်။

"ကျွန်တော်တို့ကြားမှာ ဆွေးနွေးမှုတွေရပ်ဆိုင်းသွား တာနဲ့အမျှ နားလည်မှုနဲ့ယုံကြည်မှုတွေ လျော့ပါးသွား စေမယ့် အဖြစ်မျိုးတွေ မဖြစ်ပွားစေဖို့လည်း အားလုံးက သတိပြုကြဖို့လိုပါတယ်။

"သဘောထားတွေ အမြင်တွေ ဘယ်လိုပဲကွဲပြား ကွဲပြား ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲတွေ အဆက် မပြတ်ဖို့၊ မကြာခဏဆိုသလို တွေ့ဆုံဆွေးနွေးနေကြဖို့ အထူးပဲ အရေးကြီးလှပါတယ်၊ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းပျောက်မသွားအောင်၊ နိုင်ငံရေးဆွေးနွေးပွဲ တွေမှာ တွေ့ကြုံနေရမှုတွေကို ဖြေရှင်းနိုင်အောင် ကျွန်တော်တို့အားလုံး အလျှော့အတင်းတွေ၊ အပေးအယူ တွေ လုပ်ကြဖို့ လိုပါတယ်။

"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့တဲ့ အတိုင်း ပျော့ပျောင်းခြင်းဟာ ပျော့ညံ့ခြင်းမဟုတ်ပါဘူး၊ ညှိနှိုင်းခြင်းဟာ အရှုံးပေးတာမဟုတ်ပါဘူး၊ တွေ့ဆုံ ဆွေးနွေးညှိနှိုင်းရမှာကို စိုးရွံ့မနေကြဖို့ အရေးကြီးပါတယ်၊ အမျိုးသားညီညွတ်ရေးကို ဦးတည်လျှောက်လှမ်းကြရာမှာ ကျွန်တော်တို့အချင်းချင်းအကြား သွေးကွဲ၊ သဘောထား ကွဲလွဲစေမယ့် ကိစ္စရပ်တွေကို လျှော့ချသွားစေဖို့ အားလုံး ပိုမိုစုစည်း၊ ပိုမိုညီညွတ်စေမယ့် ဘုံတူညီချက်တွေကို ဖော်ထုတ်ကြရမှာဖြစ်ကြောင်း အလေးအနက်ထားပြီး ပြောကြားလိုပါတယ်။

"နိဂုံးချုပ်အနေနဲ့ ယနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ UPDJC အဖွဲ့ဝင်များအနေနဲ့ နိုင်ငံရေးဆွေးနွေးမှု စားပွဲဝိုင်းတွေကတစ်ဆင့် ရေရှည် တည်တံ့ခိုင်မြဲတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ အတူတကွ ပူးပေါင်းဆောင်ရွက် ဖော်ဆောင်ပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်တွင်ပါဝင်ကာ မိမိတို့တိုင်းပြည်၏ နှစ်ပေါင်း ၇၀ နီးပါးကြာမြင့်ပြီဖြစ်သည့် ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်း စေပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်လာသည့်အတွက် များစွာဝမ်းသာဂုဏ်ယူပါ ကြောင်း၊ လက်မှတ်မထိုးသေးသည့် လက်နက်ကိုင် တိုင်းရင်းသားညီနောင်များကလည်း တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် အမြန်ဆုံးလက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးမှုများ တွင်ပါဝင်ကာ တိုင်းပြည်၏ ငြိမ်းချမ်းသာယာဝပြောမှုနှင့် ငြိမ်းချမ်းရေးအတွက် ပါဝင်လက်တွဲကြစေလိုကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)သည် တိုင်းပြည်၏ ငြိမ်းချမ်းရေးဖော်ဆောင်ရာ တွင် အရေးကြီးသည့် ကော်မတီဖြစ်ပြီး ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့အဖွဲ့အစည်းတစ်ခု၊ လူမျိုးတစ်ခုချင်းအတွက်၊ အစုအဖွဲ့တစ်ခုချင်းအတွက် မဟုတ်ဘဲ ပြည်ထောင်စုကြီးအရေးအတွက် စဉ်းစား ဆွေးနွေးတိုင်ပင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ကြသူများအနေဖြင့် ငြိမ်းချမ်းရေးကိုတကယ်လိုချင်သည်ဆိုသည့် စိတ်ရှိရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး အစီအစဉ်များကို အတည်ပြုခြင်းနှင့်မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့မှ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့မှုအားတင်ပြခြင်း၊ UPDJC ပြင်ဆင်ဖွဲ့စည်းရေးကိစ္စ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများပြင်ဆင်ဖွဲ့စည်းရေး ကိစ္စ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ လူထုတွေ့ဆုံပွဲများကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဆွေးနွေး ချက်များအပေါ် ပြန်လည်အကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဦးကျော်တင့်ဆွေ တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ- UPDJC အဖွဲ့ဝင်များဖြစ်ကြ သည့် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူညီချက်စာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကိုဖေဖော်ဝါရီ ၂၈ ရက် တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**ကူဝိတ်နိုင်ငံ၏ (၅၇)နှစ်မြောက် အမျိုးသားနေ့နှင့် (၂၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်ဇနီး ဒေါ်ခင်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr.Ahmad AL-Muzaini က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်**

## လက်ဖက်ပင်မျိုးပွားနည်းနှင့် ကိုင်းဖြတ်ပြုပြင်နည်း ပညာပေးသရုပ်ပြ



**သံတောင်ကြီး ဖေဖော်ဝါရီ ၂၇**
ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရွှေညောင်ပင် လက်ဖက်ခြံ ငါးဧကစိုက်ခင်းတွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲက တောင်သူများကို ဖိတ်ကြားပြီး လက်ဖက်ပင်မျိုးပွားနည်းနှင့် ကိုင်းဖြတ်ပြုပြင်နည်း တောင်သူပညာပေး ကွင်းသရုပ်ပြပွဲဆောင်ရွက်ခဲ့သည်။

သရုပ်ပြပွဲတွင် သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်မင်းက တောင်သူ များအား လက်ဖက်ပျိုးထောင် မျိုးပွားနည်း နှစ်နည်း ရှိကြောင်း မျိုးစေ့မှ မျိုးပွားခြင်းနှင့် အပင်ပိုင်းဆိုင်ရာ ပျိုးထောင်မျိုးပွားနည်းတို့ဖြစ်ပြီး ယနေ့ ကမ္ဘာ့လက်ဖက် စိုက်ပျိုးသည့်နိုင်ငံများ၌ မျိုးစေ့မှ ပျိုးထောင်နည်းကို အသုံးပြုမှုနည်းပါး၍ အပင်ပိုင်းဆိုင်ရာမျိုးပွားနည်းကိုသာ အသုံးပြုမှုများကြောင်း၊ အထွက်နှုန်းကောင်းမွန်ပြီး အထွက် ညီညာသော စီးပွားဖြစ်လက်ဖက်စိုက်ခင်းများ ပေါ်ပေါက် လာစေရန်နှင့် မျိုးရိုးဗီဇကောင်းမွန်သော လက်ဖက်ပျိုးပင် များရရှိရန်အတွက် အပင်ပိုင်းဆိုင်ရာ လက်ဖက်ပျိုးထောင် မျိုးပွားနည်းပညာများ အကြောင်းကိုလည်းကောင်း၊ လက်ဖက်အထွက်နှုန်းတိုးတက်စေရန်၊ လက်ဖက်ပင်များ သန်စွမ်းပြီး ရွက်နုပိုမိုထွက်စေရန်၊ လက်ဖက်ခူးရာတွင် လွယ်ကူသောအပင်အမြင့်ကို ထိန်းသိမ်းထားနိုင်ရန်နှင့် လက်ဖက်ပင်အိုများ နုပျိုလာစေရန် လက်ဖက်ကိုင်းဖြတ် ပြုပြင်နည်းပညာများကိုလည်းကောင်း ပညာပေး ပြောကြားခဲ့ပြီး လက်တွေ့သရုပ်ပြပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်း ခရိုင် အင်းစိန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းမြသန်းက လူကုန်ကူးမှုနှင့်လူမှောင်ခိုမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရ ခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာ စကားပြောကြားပြီး ရန်ကုန်တိုင်း ဒေသကြီး လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲမှူး ဝေလွင် က လူကုန်ကူးမှုအန္တရာယ် တားဆီး ကာကွယ်ရာတွင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ တစ်ဖွဲ့တည်းနှင့် ဆောင်ရွက်၍ မရနိုင်တော့ကြောင်း ပြည်သူလူထု လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြမှ သာလျှင် လူကုန်ကူးမှု လုံးဝပပျောက် သွားနိုင်ပြီး လူကုန်ကူးမှု၊ လူမှောင်ခိုမှု ဆိုင်ရာ ပပျောက်ရေးအတွက် ကာကွယ်ရေး နည်းလမ်းများ လူကုန်ကူးမှု၊ လူမှောင်ခိုမှုဆိုင်ရာ ဖြစ်မှုဖြစ်စဉ်များအကြောင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။ **ညဏ်ဟိန်း**

မီးဘေးရှောင် မလောင်ခင်တား



# ပဲခူးမြို့တွင် ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံသစ် ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ပဲခူးမြို့ရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် အချိန်ပြည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် တည်ဆောက်သည့် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဆေးရုံတည်ရှိရာ ဉဿာမြို့သစ် (၇) ရပ်ကွက်ရှိ ဓမ္မစေတီလမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတော်က ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအား ဦးစားပေးဆောင်ရွက်လျက်ရှိပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှစ်စဉ် ကျန်းမာရေးဘဏ္ဍာငွေများကို ပိုမိုတိုးမြှင့်ချထားပေးသည့်အပြင် ဆေးရုံဆေးခန်းများကိုလည်း တိုးချဲ့ဆောက်လုပ်ပေးနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ တိုးချဲ့ပေးသည့်အတွက် တိုင်းရင်းဆေးဆရာများ၊ ဆရာဝန်များ၊ သူနာပြုများစသည့် ကျန်းမာရေးဝန်ထမ်းများအား တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနက ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်လှစ်နိုင်သည့်အတွက် ပြင်ပလူနာများအပြင် အတွင်းလူနာများကိုပါ လက်ခံကုသပေးနိုင်တော့မည် ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ယခင်ကထက် ပိုမိုစောင့်ရှောက်မှုပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်ကို နိုင်ငံတော်မှ ကုန်ကျခံဆောက်လုပ်ပေးထားကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်သိန်းဌေးက ပြောသည်။

"ကျွန်တော်တို့ ပဲခူးမြို့မှာ အရင်က မြို့နယ်တိုင်းရင်းဆေးကုဌာနပဲရှိပြီး ပြင်ပလူနာတွေပဲ ကုသခံယူခွင့်ရပါတယ်၊ အခုလို တိုင်းရင်းဆေးရုံကြီး ဖွင့်လှစ်ပေးတဲ့အတွက် ပြင်ပလူနာတွေအပြင် အတွင်းလူနာတွေပါ တက်ရောက်ကုသခွင့်ရတော့မှာဖြစ်လို့ အလွန်ပဲဝမ်းမြောက်မိပါတယ်၊ ကျွန်တော်တို့ ဒေသခံပြည်သူတွေကလည်း ဒီဆေးရုံကြီး ရေရှည်တည်မြဲဖို့ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေရဲ့ လိုအပ်တဲ့ အကူအညီတွေကို အတတ်နိုင်ဆုံးပေးသွားပါမယ်၊ သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ပါတယ်"ဟု ဒေဝယက္ခဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးဖြေက ကျေးဇူးတင်စကားပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးတွင် တိုင်းရင်းဆေးရုံတစ်ရုံ၊ ခရိုင်အဆင့်တိုင်းရင်းဆေးကုဌာန လေးခု၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၂ ခုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ဆေးရုံ၊ ဆေးကုဌာနများတွင် အတွင်းလူနာ ၉၉၃ ဦး၊ ပြင်ပလူနာ ၁၀၃၄၉၅ ဦးတို့ကို တိုင်းရင်းဆေးဖြင့် ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ နှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-နေဝန်းရောင်**

# မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်များတွင် နှမ်းစပါး ၃၄၂၆ ဧက လျာထားပြီး ဆောင်းသီးနှံ ၁၄၀၀၁၉ ဧက စိုက်ပျိုးနိုင်ခဲ့



**မြောက်ဦး ဖေဖော်ဝါရီ ၂၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ နွေစပါးအနေဖြင့် ကျောက်တော်မြို့ရှိ ပြိုင်းချောင်ဆည်အပါအဝင် ၃၄၂၆ ဧက လျာထားပြီး ဖေဖော်ဝါရီ ၂၇ ရက်ထိ ဧက ၂၈၃ စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ဆောင်းသီးနှံ ၁၄၀၀၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြောက်ဦးခရိုင်အတွင်း စိုက်မြေဧက ၃၈၄၂၁၀ ရှိကြောင်း၊ မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြောက်ဦးခရိုင်၌ မိုးစပါးလျာထားဧက ၃၈၀၆၇၉ တွင် ၃၈၄၂၁၀ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက် ၃၅၃၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ အထွက်နှုန်း ၆၄ ဒသမ ၆၈ တင်းထွက်ရှိခဲ့ကြောင်း၊ နွေစပါးစိုက်ပျိုးရာသီတွင် မြောက်ဦးမြို့နယ်တွင် နွေစပါး ဧက ၁၂၈၀ ကိုလည်းကောင်း၊ ကျောက်တော်မြို့နယ်တွင် နွေစပါးဧက ၁၅၅၀ ကိုလည်းကောင်း၊ မင်းပြားမြို့နယ်တွင် နွေစပါး ၅၉၆ ဧကကို လည်းကောင်း၊ စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးထွန်းက ပြောသည်။

မြောက်ဦးခရိုင်အတွင်းရှိ စိုက်ပျိုးမြေအများစုမှာ အစိုဓာတ်မထိန်းသိမ်းနိုင်သော မြေများဖြစ်ခြင်းကြောင့် အစိုဓာတ် ထိန်းသိမ်းနိုင်သည့် လယ်မြေများနှင့် လေးမြို့မြစ်၊ ကစ္ဆပနဒီမြစ်ကမ်းဘေးနေရာများတွင် အဓိက စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ဆည်ရေ၊ သဘာဝရေနှင့် ချောင်းပိတ်ရေများဖြင့် စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ မြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးစပါးများနှင့် အခြားသီးနှံများမှာ ပျက်စီးမှုများ ရှိခဲ့ကြောင်း၊ မိုးစပါးနှင့် အခြားသီးနှံများကို နောက်ကျပြီးမှ စိုက်ပျိုးသည့် တောင်သူများလည်း ရှိကြောင်း၊ အချို့သော မြို့နယ်များတွင် နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုမှာ နောက်ကျမှုရှိကြောင်း ၎င်းက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဆွဲကြိုးအား ပိုင်ရှင်ဖြစ်သူထံ ပြန်လည်ပေးအပ်

**ထားဝယ် ဖေဖော်ဝါရီ ၂၇။** တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဘူတာမှ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၆ နာရီက ထွက်ခွာလာသော အမှတ်(၁၇၆)အစုန် ထားဝယ်-ရန်ကုန် ရထားရိုးရိုးတန်းတွဲ(၄)တွင် ထိုင်ခုံမဲ့ဖြင့် လိုက်ပါလာသော အမျိုးသမီးတစ်ဦးသည် ရေးမြို့နယ် လမိုင်းဘူတာတွင် ဆင်းသွားရာ ရွှေဆွဲကြိုးတစ်ကုံး ရထားပေါ်တွင် ကျကျန်ခဲ့ကြောင်း၊ ၎င်း၏ ရွှေဆွဲကြိုးကို ခုံနံပါတ် (၆၀) တွင် လိုက်ပါစီးနင်းလာသော ဒေါ်လှဝင်းက ကောက်ရပြီး ရထားလုံခြုံရေးအဖွဲ့ခေါင်းဆောင် ရဲတပ်ကြပ် သိန်းမြင့်အောင်ထံ အပ်နှံပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရထားပေါ်တွင် ဆွဲကြိုးကျကျန်ခဲ့သော ပိုင်ရှင်ဖြစ်သူ အမျိုးသမီးအား ဆက်သွယ်စုံစမ်းပြီး ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၁၇၅)အဆန် လမိုင်းဘူတာတွင် ပိုင်ရှင်ဖြစ်သူ ထားဝယ်ခရိုင် ရေဖြူမြို့နယ်နေ မခင်စိုးအား ရဲတပ်ကြပ် သိန်းမြင့်အောင်က သက်သေများရှေ့တွင် စနစ်တကျ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


# နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝါယမ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဝါးချက်ကျေးရွာ ကမ္ဘောဇကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝါယမ သက်တော်(၉၀)နှစ်၊ သိက္ခာတော် (၇၀)သည် ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် (၂၅-၂-၂၀၁၈) တနင်္ဂနွေနေ့ ညနေ ၄ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ၁-၃-၂၀၁၈ ရက်နေ့တွင် အန္တိမအဂ္ဂိဈာပနအခမ်းအနားကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါယမ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်း ထုံးဘိုရွာ ခမည်းတော် ဦးစံရ၊ မယ်တော် ဒေါ်မမကြီးတို့မှ ၁၂၉၂ ခုနှစ် တပို့တွဲလဆန်း ၄ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၅ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်တွင် စစ်ကိုင်းမြို့ မင်းကွန်း ထုံးဘိုရွာ အလယ်ကျောင်း ခဏ္ဍသိမ်၌ အလယ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မတ္တရာမြို့နယ် ရွှေအပ်ပုံရွာနေ ရဟန်းဒါယကာ ဦးတင်၊ ဒါယိကာမ ဒေါ်လှခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ပဌာန်းဆရာတော်ကြီးနှင့် စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးခဲ့ပါသည်။

**သာသနာရေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် စစ်ကိုင်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့ပြီး ယနေ့အချိန်ထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀)ဝါအရ ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၁ ရက် (၂၅-၂-၂၀၁၈) တနင်္ဂနွေနေ့ ညနေ ၄ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ၁-၃-၂၀၁၈ ရက်နေ့တွင် အန္တိမအဂ္ဂိဈာပနအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။



**ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲက ရန်ကင်းမြို့နယ် အမှတ်(၈)ရပ်ကွက် နှင်းဆီလမ်း သာသနာ့ဂုဏ်ဆောင် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတွင် ရန်ကင်းမြို့မရဲစခန်းမှူး ဒု-ရဲမှူး စိုးလှိုင်က မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး ဟောပြောစဉ်။**

ကြေးမုံ

# ရွှေဆိုင်မှ ရွှေထည်ပစ္စည်းများ ခိုးယူသူအား ဖမ်းမိ

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပတ္တမြားဈေးရှိ ရတနာရွှေဆိုင်မှ ကာလတန်ဖိုး ကျပ် ၇၀၈ သိန်းခန့် ရွှေထည်ပစ္စည်းများ ခိုးယူခဲ့သူတစ်ဦးကို ဖေဖော်ဝါရီ ၂၆ ရက် ညတွင် မိတ္ထီလာမြို့၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့ ရွာသစ်ရပ်ကွက်နေ ဒေါ်လေးလေးမွန် အဖ-ဦးရွှေရိုးသည် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခန့်တွင် ပတ္တမြားဈေးရှိ ရွှေဆိုင်၌ အမျိုးသမီးနှစ်ဦးအား ရွှေထည်ပစ္စည်းများ ပြသချိန်တွင် အမျိုးသမီးတစ်ဦး ထပ်မံရောက်ရှိပြီး ဈေးနှုန်းမေးမြန်းရာ ဈေးမတတ်နိုင်သေးကြောင်း ပြောဆိုပြီး ရွှေထည်ပစ္စည်းများအား ကြည့်ရှုကာ ရွှေဆိုင်မှ ပြန်လည်ထွက်ခွာသွားကြောင်း၊ မကြာမီအချိန်တွင် အမျိုးသမီး နှစ်ဦးမှာလည်း ဈေးမတတ်နိုင်သေးကြောင်း ပြောဆိုကာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါ အမျိုးသမီးများ ထွက်ခွာသွားပြီး အခြားဈေးဝယ်သူများအား ရွှေထည်များ ပြသပေးရန် အဖြူရောင် ပလတ်စတစ်ဘူးအတွင်း ထည့်ထားသည့် ၁၅ ပဲရည် ရွှေဆွဲကြိုး ၁၈၉ ကုံးခန့်၊ စုစုပေါင်းအလေးချိန် ၇၉ ကျပ်သားခန့်၊ ကာလတန်ဖိုး ငွေကျပ် ၇၀၈ သိန်းခန့် ရွှေထည်ပစ္စည်းများ ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဆိပ်ဖြူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် မိတ္ထီလာမြို့ ပြည်သာယာ (၃)လမ်းနှင့် (၄)လမ်းကြားနေ မစန်း(ခ) သဲသဲ(ခ) သန်းသန်းနိုင် (၄၄) နှစ်အား မိတ္ထီလာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ အကူအညီရယူ၍ ဖမ်းဆီးရမိခဲ့ကြောင်း၊ ပူးပေါင်းပါဝင်သူများဖြစ်သည့် မသက်သက်ဝေ (၄၁)နှစ် မိတ္ထီလာမြို့နှင့် မသီတာ(ခ)မဝင်း ပြည်မြို့တို့မှာ တိမ်းရှောင်ထွက်ပြေးလျက်ရှိပြီး အဆိုပါနှစ်ဦးအား ထပ်မံဖမ်းဆီးနိုင်ရေး သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့များ အကူအညီရယူ၍ ဆောင်ရွက်လျက်ရှိကြောင်း ဆိပ်ဖြူမြို့မ ရဲစခန်းမှူး ဒုရဲမှူးမျိုးဝင်းက ပြောကြားသည်။

**ကိုဇွဲ(အညာမြေ)**



# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၅၄ စီး၊ သွင်းကုန် ၉၄၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၅၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၈၆၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၄၄ သန်းခန့်) ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် မူဆယ်နှင့် မန္တလေးမြို့တို့သို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် Light Truck မော်တော်ယာဉ် တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စားသောက်ကုန်များ (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၀၆ သန်းခန့်) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်တစ်လုံး မီးလောင်

**တပ်ကုန်း ဖေဖော်ဝါရီ ၂၇**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု ကျားသေအိုင်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၇ ရက် ညနေ ၄ နာရီခန့်က ဦးညိုပြုံး၏နေအိမ် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း (၄×၃)ပင် မီးလောင်ခဲ့ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစနေထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် နှစ်စီးနှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ရာ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်တွင် ဦးညိုပြုံး၏ မိသားစုများ လှည်းငှားလိုက်သွားနေစဉ် မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး လောင်ကျွမ်းဆုံးရှုံးခဲ့ပြီး ၎င်းအိမ်နှင့်ကပ်လျက် ညီမဖြစ်သူ ဒေါ်ကြည်သိန်း၏ နေအိမ် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း (၄×၃)ပင်တွင် ခေါင်းရင်းပိုင်းထရံအား မီးလောင်ခံခဲ့ရကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# မန္တလေးမြို့၌ ဆိုင်ကယ်လေးစီး ခိုးယူသူ ရှစ်ဦးအနက် လေးဦးအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**မန္တလေး ဖေဖော်ဝါရီ ၂၇**

ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ၇၅ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ အိမ်အမှတ်(၁၄၅)တွင် ထားရှိသည့် Honda Scoopy ဆိုင်ကယ်သုံးစီး ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင် ဦးကျော်ကျော်စိုးက အမှတ်(၈)မြို့မရဲစခန်းသို့ လာရောက်အကြောင်းကြားသဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ် ထင်လင်းကျော်၊ ရဲဒုတပ်ကြပ် စိုးညီညီလတ်နှင့်အဖွဲ့က Scoopy ဆိုင်ကယ်တွင် တပ်ဆင်ထားသော GPS ကို ကြည့်ရှု၍ လိုက်လံရှာဖွေခဲ့ရာ GPS မှ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာသို့ ရောက်ရှိနေကြောင်း ဖော်ပြသဖြင့် နာရီပိုင်းအတွင်း ဖမ်းဆီးစစ်ဆေးခဲ့ရာ အောင်မြေသာစံမြို့နယ်နေ ဝေယံကျော်ပါ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ ခိုးယူသွားခဲ့သော ဆိုင်ကယ် သုံးစီးနှင့်အတူ မဟာအောင်မြေမြို့နယ်အတွင်းမှ ခိုးယူလာသည့် Honda Click အနက်ရောင် ဆိုင်ကယ်တစ်စီးတို့ကိုပါ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ လေးဦးအား အမှတ်(၈)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းနှင့် ခိုးယူစဉ်ပါဝင်သည့် ရှစ်ဦးအနက် လေးဦးမှာ ထွက်ပြေးသွားခဲ့သဖြင့် ၎င်းတို့လေးဦးအား ဆက်လက်ဖမ်းဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒေသခံတစ်ဦး ဒေသန္တရနင်းမိုင်းတစ်လုံး နင်းမိ

**သံတောင်ကြီး ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေညွှန့်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းက ဒေသခံတစ်ဦး ဒေသန္တရ နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲရာမှ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် ည ၁၀ နာရီခန့် သံတောင်ကြီးမြို့နယ် သပြေညွှန့်ကျေးရွာနေ ကိုလတ် (၄၀) နှစ်၊ နန်းဝင်းအောင် (၁၈) နှစ်၊ နေမင်းထွန်း(ခ)ငပွေး (၁၉)နှစ်တို့ သုံးဦးသည် ငါးရှာရန်အတွက် ကျေးရွာမှ ထွက်လာစဉ် ဒေသအခေါ် ကျွန်းကျိုးသို့အရောက် နေမင်းထွန်း(ခ)ငပွေးမှာ ဒေသန္တရ နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ယာခြေဖနောင့် ပြတ်၊ ဝဲဒူးခေါင်းနှင့် ပေါင်တို့တွင် မိုင်းစများ ထိမှန်(မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့၍ ကိုလတ်နှင့် နန်းဝင်းအောင်တို့က ဖေဖော်ဝါရီ ၂၆ ရက်တွင် တောင်ငူဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဗန်းမော်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဖေဖော်ဝါရီ ၂၆ ရက်မွန်းလွဲ ၁ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့နယ် ညောင်ပင်သာကျေးရွာအနီးတွင် သောင်းမြင့်ဝင်း (ခ)ချစ်ကောင်း မောင်းနှင်ပြီး မမြင့်မြင့်ဝင်း(ခ)မမာမာဝင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၂ ခွက် (ဘိန်းဖြူအလေးချိန် ၁၁၀ ဒသမ ၅ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ငွေကျပ် ၃၀၀၀၀ တို့ကိုလည်းကောင်း၊ ယင်းနေ့ည ၈ နာရီခွဲခန့်က စစ်တွေမြို့နယ် ဘာဆာရာကျေးရွာနေ မာမောက်အီစမိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၈၀၀ ကိုလည်းကောင်း၊ အလားတူ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီခွဲခန့်က မိုးနဲမြို့နယ် ဝမ်ဟေကျေးရွာနေ အာချန်၏တောင်ယာတဲကို ရှာဖွေရာ တဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**၂၈-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၅း၀၀ | - | အဖွင့် |
| | - | သာယာငြိမ့်အေးမင်္ဂလာတေး |
| ၅း၁၅ | - | ပြည်သူ့နီတိ "အလင်းရောင်" |
| ၅း၃၀ | - | ဆန်းသစ်လှပ မြန်မာ့အက |
| ၅း၄၀ | - | Myanmar Invites You |
| ၆း၀၀ | - | A Traditional Doctor |
| ၆း၀၅ | - | Food Trip (Ep-5) (Part-1) |
| ၆း၂၅ | - | Maha Myatmuni Buddha Image In Rakhine |
| ၆း၄၀ | - | Lady Pilot |
| ၆း၅၀ | - | Products of Myanmar - Myanmar Circular Stone Slab |
| ၇း၀၅ | - | Surprise Meals |
| ၇း၂၅ | - | ပခန်းနတ်ပွဲ (အပိုင်း-၁) |
| ၇း၅၀ | - | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၈း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း- ၈၄) |
| ၈း၃၅ | - | MRTV Entertainment Music |
| ၈း၅၅ | - | Now in Yangon |
| ၉း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၆၆) |
| ၉း၄၀ | - | နိုင်ငံခြားရုပ်ရှင် "Ishqiya" |
| ၁၁း၃၀ | - | ဆန်းသစ်လှပ မြန်မာ့အက |
| ၁၁း၄၅ | - | မြန်မာဗီဒီယိုဇာတ်လမ်း "ဖူးစာနက္ခတ်" |
| ၂း၀၅ | - | Myanmar Invites You |
| ၂း၂၅ | | Now in Yangon |
| ၂း၃၀ | | Law of Jungle (Ep-250) |
| ၃း၁၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၄) |
| ၃း၄၅ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၆၆) |
| ၄း၁၅ | - | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၄း၂၅ | - | ကက်ဆက်ဇာတ်လမ်း "ဇာခြည် ဇာလီ" |
| ၅း၃၀ | | ကာတွန်းအစီအစဉ် "Chhota Bheem (Episode-1)" |
| ၆း၀၀ | - | Law of Jungle (Ep-250) |
| ၆း၄၅ | - | MRTV Entertainment Music |
| ၇း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း- ၈၅) |
| ၇း၃၀ | - | MRTV Entertainment Music |
| ၇း၅၅ | - | Now in Yangon |
| ၈း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း- ၁၆၇) |
| ၈း၃၀ | - | Game Show "10 to Million Myanmar" (Epi- 86) |
| ၉း၂၀ | - | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၉း၃၀ | - | မြန်မာဗီဒီယိုဇာတ်လမ်း "အိပ်မက်တစ်ခုအား ပိုင်ဆိုင်ခြင်း" |
| ၁၀း၅၀ | - | ပခန်းနတ်ပွဲ (အပိုင်း-၁) |
| ၁၁း၁၅ | - | Myanmar Invites You |
| ၁၁း၃၀ | - | A Traditional Doctor |
| ၁၁း၄၀ | - | Food Trip (Ep-5) (Part-1) |
| ၁၁း၅၅ | - | Maha Myatmuni Buddha Image In Rakhine |

**၁-၃-၂၀၁၈ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၀၀း၁၀ | - | Lady Pilot |
| ၀၀း၂၀ | - | Products of Myanmar - Myanmar Circular Stone Slab |
| ၀၀း၃၀ | - | နိုင်ငံခြားရုပ်ရှင် "Ishqiya" |
| ၂း၂၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၈၅) |
| ၂း၅၀ | - | ဆန်းသစ်လှပ မြန်မာ့အက |
| ၃း၀၀ | - | ပြည်သူ့နီတိ "အလင်းရောင်" |
| ၃း၂၀ | - | သာယာငြိမ့်အေးမင်္ဂလာတေး |
| ၃း၃၀ | - | မြန်မာဗီဒီယိုဇာတ်လမ်း "အပြာရောင်ပုံတိုပတ်စများ" |
| ၅း၀၀ | - | အစီအစဉ်ပြီး၏။ |

# ပီအက်စ်ဂျီနှင့် ရီးယဲလ်မက်ဒရစ်ပွဲစဉ် တိုက်စစ်မှူး နေမာ လွဲချော်မည်

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး နေမာသည် ဒဏ်ရာပြဿနာ ကြုံတွေ့နေခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ပါဝင်လာမည်မဟုတ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး နေမာသည် တနင်္ဂနွေနေ့က မာဆေးလ် အသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ တိုက်စစ်မှူး နေမာသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင် သန်း ၂၀၀ ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး လက်ရှိတွင် ပီအက်စ်ဂျီအသင်း နှင့်အတူ ပွဲပေါင်း ၃၀ ကစားပေးခဲ့ရာတွင် သွင်းဂိုး ၂၉ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီ ဖြစ်ကြောင်း လည်း သိရသည်။

တိုက်စစ်မှူး နေမာသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ကစားခဲ့ရာတွင် ပွဲပေါင်း ၁၂၃ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၆၈ ဂိုးအထိ သွင်းယူပေး နိုင်ခဲ့ခြင်းကြောင့် ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် လက်ရှိတွင် ပြင်သစ်ပထမတန်းပြိုင်ပွဲတွင်လည်း အမှတ်ပေး ဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည့် မိုနာကိုအသင်းကို ၁၄ မှတ်အကွာဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**






**AFC စစ်ဆေးရေးကိုယ်စားလှယ်အဖွဲ့ ကလပ်အသင်းများအား ကွင်းဆင်းစစ်ဆေးစဉ်။** ဓာတ်ပုံ-MFF

# MNL Club အသင်းများအား စစ်ဆေးရာ၌ ကျေနပ်အားရမှုရှိဟု AFC စစ်ဆေးရေးအဖွဲ့ဆို

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

AFC Club ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သော ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်းများအား ဂျာမနီနိုင်ငံသား မစ္စတာမာဆယ်နှင့် မစ္စတာဂျီဟန်တို့ပါဝင်သော AFC စစ်ဆေးရေး ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်နှင့် မန္တလေးမြို့များ၌ သက်ဆိုင်ရာ ကလပ်အသင်းများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်ထိ စစ်ဆေးခဲ့ရာ အားရကျေနပ်မှုရှိကြောင်း မြန်မာနိုင်ငံမှ ပြန်လည်မထွက်ခွာမီမှတ်ချက်ပြု ပြောကြားသွားခဲ့သည်။

စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာအသင်း တာဝန်ရှိအကြီးအကဲ များနှင့်တွေ့ဆုံ၍ ကစားသမား ဝယ်ယူငှားရမ်း ရောင်းချမှု၊ လစာကြွေး ကျန်ကင်းရှင်းမှု၊ လူငယ်လေ့ကျင့်ပျိုးထောင်ရေး စီမံကိန်းထားရှိမှု၊ ကစားသမားများ၏ ကျန်းမာရေးစစ်ဆေးမှု၊ လေ့ကျင့်ရေးကွင်းအခြေ အနေ၊ ရုံးအဆောက်အအုံအခြေအနေ၊ အသင်းအားပေးသူ ပရိသတ် အခြေအနေများကို အသေးစိတ်စစ်ဆေး မေးမြန်းမှုများပြုလုပ်ခဲ့သည်။

AFC စစ်ဆေးရေးကိုယ်စားလှယ်အဖွဲ့က "စစ်ဆေးမှုအများစုကို အားရကျေနပ်ရပါကြောင်း၊ အချို့သောကိစ္စရပ်များတွင် လိုအပ်ချက်ရှိ နေသေးသော်လည်း အချိန်ယူဆောင်ရွက်ပါက ပြည့်စုံလာလိမ့်မည်ဟု ယူဆပါကြောင်း၊ MNL နှင့် ကလပ်အသင်းများကို အဓိကတာဝန်ယူစီမံ ဆောင်ရွက်နေသော အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နည်းပြအဖွဲ့များ၏ စိတ်အားထက်သန်စွာဆောင်ရွက်နေမှု၊ ကြိုးစားနေမှုများကိုလည်း အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ယဉ်ကျေးပျူငှာသော မြန်မာလူမျိုး များ၊ သာယာလှပသောရှုခင်းနဲ့ စေတီပုထိုးများကို တွေ့ကြုံဖူးမြော်ခွင့်ရခဲ့ ပြီး အရသာရှိသော မြန်မာအစားအစာများကို နောက်တစ်ကြိမ် ထပ်မံ ထိတွေ့ခွင့်ရပါစေလို့လည်း ဆုတောင်းပါကြောင်း" ပြောကြားခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်အသင်းများ၏ AFC Club Licensing Criteria များ ဖြည့်ဆည်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ AFC အနေနှင့် အလားတူစစ်ဆေးမှုများပြုလုပ်ရန် အစီအစဉ်ရှိကြောင်း သိရသည်။

**ဇေယျာ**

# ပွဲကြီးပွဲကောင်းများနှင့် အီတလီစီးရီးအေပွဲစဉ် ၂၇

## ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၂၇

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၇ ကို လာမယ့် မတ် ၃၊ ၄၊ ၅ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး လာဇီယိုနဲ့ ဂျူဗင်တပ်၊ မီလန်နဲ့ အင်တာတို့ ဆုံတွေ့တဲ့ ပွဲတွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် ပွဲဆက်တွေများနေတဲ့ကြားမှာ မီလန်၊ ဂျူဗင်တပ်တို့ ရလဒ်ကောင်းမလား စောင့်ကြည့်ရမယ်။**

### SPAL - ဘိုလော့နာ ည ၈း၃၀ (၃-၃-၁၈)

ဘိုလော့နာက ခြေစွမ်းပိုင်းအရ သာမန်သာရှိတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းအားနည်းမှုတွေရှိနေတာကြောင့် အဝေးကွင်းပွဲတွေမှာ ရုန်းကန်နေရပါတယ်။ SPAL ကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားနေသလို အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ပိုမိုအားစိုက်ကစားလာမှာပါ။ SPAL ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပေမယ့် အိမ်ကွင်းမှာ သရေလောက်တော့ ကစားသွားနိုင်ဖို့ရှိပါတယ်။

### လာဇီယို - ဂျူဗင်တပ် ည ၁၁း၃၀ (၃-၃-၁၈)

ဂျူဗင်တပ်က ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်အဝေးကွင်းကစားရဖို့ရှိနေသလို ဒီပွဲမတိုင်ခင်မှာလည်း ကိုပါအီတာလီယာဖလားပွဲ ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲဆက်တွေများနေကာ ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ ဒါပေမဲ့ လာဇီယို ကလည်း ဂျူဗင်တပ်နည်းတူ ဒီပွဲမတိုင်ခင်မှာ ကိုပါအီတာလီယာဖလား ကစား ခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ပွဲကစားရဖို့ရှိနေပါတယ်။ နှစ်သင်း စလုံး ထိန်းကစားသွားနိုင်ခြေရှိနေကာ သရေကျသွားဖို့ များနေပါတယ်။

### နာပိုလီ - ရိုးမား နံနက် ၂း၁၅ (၄-၃-၁၈)

နာပိုလီက ယူရိုပါလိဂ်ကနေ ထွက်ခဲ့ရပြီဖြစ်တာကြောင့် စီးရီးအေမှာ ချန်ပီယံဆုရယူနိုင်ဖို့အတွက် အားစိုက်ကစားလာတော့မှာပါ။ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ရိုးမားက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့မရှိပေမဲ့ အဝေး ကွင်း ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ ရှိတတ်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကစားပုံကအစ အားကောင်းတတ်တဲ့ နာပိုလီကပဲ အိမ်ကွင်း နိုင်ပွဲရယူသွားမှာပါ။

### ဂျီနိုအာ - ကယ်ဂလီယာရီ ည ၆း၀၀ (၄-၃-၁၈)

ဂျီနိုအာခြေစွမ်းပိုင်းက မဆိုးဘူးလို့ ဆိုနိုင်ပါတယ်။ အိမ်ကွင်းပွဲတွေမှာ ခံစစ်ပိုင်းက အားနည်းတတ်ပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ ပိုမို ထက်မြက်မှုရှိပါတယ်။ ကယ်ဂလီယာရီက အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်ပါတယ်။ ကယ်ဂလီယာရီအနေနဲ့ တန်းမဆင်းရဖို့ ရုန်းကန် နေပေမဲ့လည်း ဒီပွဲမှာတော့ အိမ်ရှင် ဂျီနိုအာကသာ အိမ်ကွင်းမှာ နိုင်ပွဲကပ်ရ သွားနိုင်ပါတယ်။

### တိုရီနို - ခရိုတိုနီ ည ၈း၃၀ (၄-၃-၁၈)

တိုရီနိုခြေက အိမ်ကွင်းမှာဆိုရင် ထက်မြက်မှုရှိတယ်။ အိမ်ကွင်းနောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာအရေးနိမ့်ခဲ့ပြီး အဆိုပါပွဲကလည်း ဂျူဗင်တပ်နဲ့ပွဲဖြစ်ကာ ကပ်ပြီးသာရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒီပွဲမှာလည်း တိုရီနိုတို့ အိမ်ကွင်းနိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပြီး ခရိုတိုနီကတော့ တန်းမဆင်းရ ရေး အားစိုက်ကစားနေပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းက သိသိသာသာ ကျဆင်းတတ်ပါတယ်။ တိုရီနိုပဲ အနိုင်ရသွားဖို့ရှိပါတယ်။

### အူဒီးနီးစ် - ဖီအိုရင်တီးနား ည ၈း၃၀ (၄-၃-၁၈)

ဖီအိုရင်တီးနားက အဝေးကွင်းခြေစွမ်းပိုင်း အားနည်းမှုတွေ များနေတယ်။ အဝေးကွင်းနောက်ဆုံး ငါးပွဲမှာခြေစွမ်းပိုင်းအားနည်းနေတဲ့ ကယ်ဂလီယာရီ၊ ဘိုလော့နာတို့ကိုသာ အနိုင်ရခဲ့တယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းနောက်ဆုံး ငါးပွဲမှာ ရိုးမားတစ်သင်းတည်းကိုသာ အရေးနိမ့်ခဲ့ရတဲ့အထိ စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်ခဲ့တယ်။ အူဒီးနီးစ်က အိမ်ကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကစားပုံက ကောင်းမွန်တာကြောင့် အနိမ့်ဆုံးသရေလောက် ကစားနိုင်မယ်။

### ဘီနီဗန်တို - ဗီရိုနာ ည ၈း၃၀ (၄-၃-၁၈)

လက်ရှိအချိန်မှာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ နှစ်သင်းဆုံတွေ့မှု ဖြစ်နေ တာကြောင့် အကြိတ်အနယ်ရှိနိုင်ပါတယ်။ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ ကွာဟမှုမရှိပေမယ့်လည်း ဘီနီဗန်တိုက အိမ်ကွင်း အားသာချက်ရှိနေပါတယ်။ ဗီရိုနာတို့ လက်ရှိအချိန်မှာ အဝေးကွင်းခြေစွမ်းတိုးတက်မှုတွေရှိလာတာ မှန်ပေ မဲ့လည်း ဘီနီဗန်တိုရဲ့အိမ်ကွင်းအားကြောင့် သရေကျသွားဖို့များနေပါတယ်။

### အတ္တလန္တာ - ဆမ်ဒိုးရီးယား ည ၈း၃၀ (၄-၃-၁၈)

အတ္တလန္တာက အိမ်ကွင်းဖြစ်နေတာကြောင့် အားစိုက်ကစားလာဖို့ ရှိနေ သလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက ကောင်းမွန်တတ်ပါတယ်။ ဒါပေမဲ့လည်း အတ္တလန္တာက ဒီပွဲမတိုင်ခင်မှာ ဂျူဗင်တပ်နဲ့ ကိုပါအီတာလီယာ ဖလားပွဲ ကစားရမှာဖြစ်လို့ ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ အထူးသဖြင့် လက်ရှိ အချိန်မှာ ဆမ်ဒိုးရီးယားက အဝေးကွင်းခြေစွမ်းပိုင်း တိုးတက်မှုတွေရှိနေတာ ကြောင့်လည်း အတ္တလန္တာတို့ အခက်အခဲနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

### ချီယေဗို - ဆာစူအိုလို ည ၈း၃၀ (၄-၃-၁၈)

ဆာစူအိုလိုခြေက အဝေးကွင်းပွဲတွေမှာ သိသိသာသာကျဆင်းတတ်ပါ တယ်။ အဝေးကွင်းနောက်ဆုံး ငါးပွဲမှာ တစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ ချီယေဗို ကတော့ အိမ်ကွင်းအားနဲ့ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆာစူအိုလိုတို့ တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် အိမ်ရှင် ချီယေဗိုကသာ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### မီလန် - အင်တာ နံနက် ၂း၁၅ (၅-၃-၁၈)

မီလန်ဒါဘီဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ လက်ရှိ အချိန်မှာတော့ မီလန်က ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်နေတယ်ဆိုပေမဲ့ မီလန် အနေနဲ့ ဒီပွဲမတိုင်ခင်မှာ ကိုပါအီတာလီယာဖလားဆီမီးနဲ့ ဒီပွဲအပြီးမှာ ယူရိုပါ လိဂ်ပွဲအဖြစ် အေစီမီလန်နဲ့ ရင်ဆိုင်ရဖို့တွေရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ပါတယ်။ အင်တာကလည်း အမှတ်လိုနေတာကြောင့် အားစိုက်ကစားလာမှာ ဖြစ်တယ်။ မီလန် သရေသာကစားနိုင်ဖို့ ရှိပါတယ်။

**ရှိုင်းမင်းမင်း-ရေးသားသည်**

# နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာအသုံးချသွားစေချင်

မောင်သောင်းဝင်း(တမန်ဟောင်း)

ဆောင်းအငွေ့အသက်သည် တဖြည်းဖြည်းလျော့နည်းလာပြီဖြစ်သည်။ နေ့ဘက်အပူအချိန်သည် တဖြည်းဖြည်း မြင့်တက်လာလျက်ရှိသည်။ အခြေခံပညာကျောင်းများတွင် ပညာသင်နှစ် တစ်နှစ်ကုန်ဆုံးပြီး အတန်းတင်စာမေးပွဲများလည်း စစ်ဆေးပြီးဖြစ်၍ နွေရာသီအတွက် ရက်ရှည် ကျောင်းပိတ်တော့မည်ဖြစ်သည်။ ကလေးငယ်များသည် နွေရာသီကျောင်းပိတ်ရက်တွင် ပျော်ပျော်ပါးပါးကစားရန်၊ အနားယူရန်နှင့် အပန်းဖြေရန် အားခဲထားကြမည်ဟုထင်ပါသည်။ သို့သော် ခေတ်ကာလအခြေအနေအရ လက်တွေ့တွင်မူ ကလေးများသည် ကစားခွင့်နှင့်အနားယူခွင့် အပြည့်အဝရရှိကြလိမ့်မည်မဟုတ်ချေ။ ဆိုလိုသည်မှာ မိဘအုပ်ထိန်းသူများသည် နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများကို သုံးလပြတ်ကျူရှင်နှင့် သင်တန်းပေါင်းစုံသို့တက်ခိုင်းရန် အပြိုင်အဆိုင်စုံစမ်းထားကြပြီးဖြစ်သည်။

**အတန်အသင့်အနားပေးသင့်**

နွေရာသီကျောင်းပိတ်ရက်တွင် ကလေးငယ်များကို အတန်အသင့်အနားပေးပြီးမှသာ ၎င်းတို့စိတ်ပါဝင်စားသည့်သင်တန်းတစ်ခုခုကို တက်ခိုင်းသင့်ပေသည်။ သင်တန်းပေါင်းစုံကို တစ်ခုပြီးတစ်ခု ဆက်တိုက်တက်ခိုင်းခြင်းသည် တိုးတက်မှုမရှိသည့်အပြင် ကလေးများ၏ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်သည်။ အပန်းဖြေလေ့လာရေးခရီးထွက်ခြင်းနှင့် ဘုရားဖူးသွားခြင်းတို့သည်ကလေးငယ်များကို ပြင်ပဗဟုသုတများစွာ တိုးပွားစေပါသည်။ ထို့အပြင် တနယ်တကျေးရှိ အဘိုး၊ အဘွားများထံသွားရောက်လည်ပတ်ခြင်းသည်လည်း စိတ်ကြည်နူးမှုရရှိစေပါသည်။ ဘိုးဘွားများကို ကန်တော့ခြင်းသည် မြန်မာလူမျိုးတို့၏အစဉ်အလာကြီးမားသောအလေ့အထကောင်းတစ်ခုပင်ဖြစ်သည်။

**မည်သည့်သင်တန်းတက်မှာလဲ**

နွေရာသီတွင် ရပ်ကွက်၊ ကျေးရွာ၊ ရုံး၊ဌာနအလိုက် အင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ ရေကူး၊ တိုက်ကွမ်ဒို၊ ရှေးဦးသူနာပြု၊ ယဉ်ကျေးလိမ္မာစသည့် သင်တန်းပေါင်းစုံ ဖွင့်လှစ်လေ့ရှိကြသည်။ ထိုသင်တန်းများအနက် မိမိကလေးကို ဘယ်လိုသင်တန်းမျိုးတွင်ထားသင့်ပါသလဲ။ ကလေး၏ ဝါသနာနှင့်ဆန္ဒကိုလည်းလျစ်လျူမရှုသင့်ချေ။ မိဘများအနေဖြင့် လက်တွေ့ကျသောသင်တန်းကိုသာ ရွေးချယ်တက်ခိုင်းသင့်ပေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် မိမိ၏ရင်သွေးငယ်များအား မြတ်ဗုဒ္ဓအကြောင်းကို အခြေခံလောက်တော့ သိအောင် သင်ပြပေးထားသင့်သည်။ သို့မှသာ ငယ်စဉ်ကတည်းက ရှောင်ရန်၊ ဆောင်ရန်နှင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်မည်ဖြစ်သည်။

**ယဉ်ကျေးလိမ္မာသင်တန်း**

လူမျိုးတိုင်းတွင် သက်ဆိုင်ရာယုံကြည်ကိုးကွယ်မှုဘာသာများရှိကြသည်။ ဘာသာတရား၏ အဆုံးအမများလည်းရှိကြသည်။ ထိုသို့ဘာသာတရား၏ အဆုံးအမများအတိုင်းသာ လိုက်နာကျင့်ကြံနေထိုင်မည်ဆိုလျှင် လောကကြီးသည် အေးချမ်းနေမည်ဖြစ်သည်။ ဆိုရလျှင် နွေရာသီတွင် မြန်မာကလေးငယ်များအတွက် လက်တွေ့အကျိုးဖြစ်ထွန်းသော သင်တန်းတစ်ခုသည် ယဉ်ကျေးလိမ္မာသင်တန်းပင်ဖြစ်သည်။ ယဉ်ကျေးလိမ္မာသင်တန်းတက်ရောက်ဖူးသည့် ကလေးငယ်တစ်ဦးသည် မြတ်စွာဘုရား၏ဖြစ်တော်စဉ်၊ အခြေခံဗုဒ္ဓဘာသာအကြောင်းတို့ကို ဘာသာရေးအားထဲထဲဝင်ဝင် သက်ဝင်ယုံကြည်မှုမရှိသော လူကြီးများထက်ပင် ပို၍သိရှိကြသည်။ ထိုသင်တန်းတွင် ဘုရား၊ တရားနှင့် သံဃာ့ ဂုဏ်တော်များ၊ ပရိတ်၊ပဋ္ဌာန်းများ၊ သီလများ၊ လူ့ကျင့်ဝတ်များစသည့် ဗုဒ္ဓဘာသာလူမျိုးတစ်ဦး သိသင့်သိထိုက်သည်များကို သင်ကြားပေးလေ့ရှိသည်။

ထိုသို့ ယဉ်ကျေးလိမ္မာသင်တန်း တက်ရောက်ဖူးသည့်ကလေးငယ်တစ်ဦးသည် ဘုရားဝတ်ပြုရှိခိုးခြင်း၊ အိပ်ရာမဝင်မီ မိဘများအားကန့်တော့ခြင်းနှင့် ထမင်းမစားမီ မိဘများ၊ အသက်အရွယ်ကြီးသူများကို ဦးချပြီးမှသာ စားသောက်ခြင်းကဲ့သို့သော ဝတ္တရားများကို ပြောစရာပင်မလိုတော့ချေ။ အချိန်တန်အရွယ်ရောက်လာသည့်အခါတွင်လည်း ဗုဒ္ဓဘာသာအကြောင်းကို ဘာသာခြားများက မေးမြန်းလာလျှင် ခြေခြေမြစ်မြစ် ရှင်းပြနိုင်မည်ဖြစ်သည်။ တချို့သောသူများသည် အသက်အရွယ်ရလာသည့်တိုင်အောင် ဗုဒ္ဓဘာသာ၏ အနှစ်သာရကို တခြားသူများနားလည်သည်အထိ လိပ်ပတ်လည်အောင် ပြောပြနိုင်စွမ်းမရှိကြချေ။ မိမိကိုးကွယ်ရာဘာသာကို ငယ်စဉ်က စနစ်တကျ လေ့လာသင်ယူကိုးကွယ်ခဲ့ခြင်းမရှိသူများသည် ယောင်ဝါးဝါးသာဖြစ်နေမည် ဖြစ်သည်။ ထို့ကြောင့် လူငယ်များသည် နွေရာသီတွင် ယဉ်ကျေးလိမ္မာသင်တန်းတက်ထားသင့်ပေသည်။

**အင်္ဂလိပ်စာသင်တန်း**

မျက်မှောက်ကာလတွင်အင်္ဂလိပ်စာသည် ကမ္ဘာသုံးဘာသာစကားတစ်ခုလိုဖြစ်လာသည်။ ထို့ကြောင့် ခေတ်လူငယ်များသည် အင်္ဂလိပ်စာသင်တန်းကိုလည်း မဖြစ်မနေတက်ထားသင့်သည်။ လူငယ်များတိုးတက်ရေးအတွက် အထောက်အကူပြုသောဘာသာရပ်များကို အင်္ဂလိပ်စာဖြင့်ထုတ်ဝေထားလေ့ရှိကြသည်။ ထို့အပြင် နောက်ဆုံးပေါ် နည်းပညာပစ္စည်းများကိုလည်း အင်္ဂလိပ်စာတတ်ထားမှသာ ကျွမ်းကျင်စွာ ကိုင်တွယ် အသုံးပြုနိုင်မည်ဖြစ်သည်။ ကျန်းမာရေးအတွက်မှီဝဲရန်လိုအပ်သည့် ဆေးညွှန်းကိုပင် အင်္ဂလိပ်စာတတ်မှသာ ဖတ်ရှုနိုင်မည်ဖြစ်သည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုရှိသူသည် မိမိကိုယ်ကိုပိုမိုယုံကြည်ပြီး တိုးတက်မှုရရှိနေ ကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် အင်္ဂလိပ်စာမတတ်သူများသည် နောက်ကျကျန်ရစ်ခဲ့မည်မှာ အသေအချာပင်ဖြစ်သည်။

ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့်အတိုင်း လူငယ်များသည် အနာဂတ်တွင်ကြီးမားသောတာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့ခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ တတ်သိပညာရှင်ကြီးများဖြစ်လာကြမည်ဖြစ်သည်။ ထိုသို့ အရေးကြီးသောတာဝန်များကို ထမ်းဆောင်ကြမည့် လူငယ်များသည် အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ တတ်မြောက်ထားဖို့လိုသည်။ ထို့ကြောင့် နွေရာသီ အားလပ်ရက်တွင် အင်္ဂလိပ်စာသင်တန်းကိုလည်း တက်ထားသင့်ပေသည်။

**ကွန်ပျူတာသင်တန်း**

ထိုနည်းတူစွာကွန်ပျူတာပညာသည်လည်း တတ်ထားရန်လိုအပ်ပေသည်။ လူမှုကွန်ရက်သည် လူငယ်များအကြားတွင်ရေပန်းစားလျက်ရှိသည်။ ထို့ကြောင့် ကလေးငယ်များသည် ငယ်စဉ်ကတည်းကကွန်ပျူတာကိုင်တွယ်နည်း အခြေခံသင်တန်းတက်ထားသင့်သည်။ ကွန်ပျူတာသည် ရုံးလုပ်ငန်းများ၊ သိပ္ပံနှင့် နည်းပညာများ၊ တီထွင်မှုများ၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင်မရှိမဖြစ် အထောက်အကူပြုပစ္စည်းဖြစ်သည်။ နေရာတိုင်းတွင်ကွန်ပျူတာပညာရှင်များ လိုအပ်လျက်ရှိသည်။ ကွန်ရက်ချိတ်ဆက်မှုများ၊ အရေးကြီးစာနှင့် ဓာတ်ပုံမှတ်တမ်းများပေးပို့ခြင်း၊ လက်ခံခြင်းတို့ကို အင်တာနက်မှတစ်ဆင့် ချိတ်ဆက်ပေးပို့ထုတ်ယူနိုင်သည်အထိတတ်မြောက်ထားသင့်သည်။ ကွန်ပျူတာအသုံးပြု၍ ပါဝါပွိုင့်ဖြင့်တင်ပြခြင်းသည် ထိရောက်မှုရှိလှပေသည်။ ကွန်ပျူတာကို စာစီ၊ စာရိုက်အဆင့်ထက် ပိုသောအနေအထားအထိ တတ်မြောက်အောင်လေ့လာသင်ယူထားရန်လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် နွေရာသီအားလပ်ရက်တွင် ကွန်ပျူတာသင်တန်းကိုလည်း တက်ထားသင့်ပေသည်။

**ရေကူးသင်တန်း**

နွေရာသီတွင် မြို့ပေါ်ရှိ လူကုံထံမိဘများသည် ကလေးများကို ရေကူးသင်တန်းအပြိုင်အဆိုင်တက်ခိုင်းလေ့ရှိကြသည်။ ကျောင်းမပိတ်ခင်ကတည်းက နာမည်ကြီးရေကူးကန်များတွင် ကြိုတင်စာရင်းသွင်းထားလေ့ရှိကြသည်။ ငွေကြေးတတ်နိုင်သူများသည်အဖွဲ့ဝင်ကြေးသွင်းထားကြသည်။ ရေကူးတတ်ခြင်းသည် ကောင်းပါသည်။ စာရေးသူ၏သမီးများသည် ရေကူးသင်တန်းတက်လိုကြောင်း ပူဆာဖူးပါသည်။ အကျိုးအကြောင်း နားလည်အောင်ရှင်းပြပြီး ယဉ်ကျေးလိမ္မာသင်တန်းကိုသာ ဦးစားပေးတက်စေခဲ့ပါသည်။ ယခုဆိုလျှင် မြန်မာကလေးများ လိုက်နာပြုမူအပ်သော အခြေခံကျင့်ဝတ်များကို အထူးတလည်သင်ပြပေးနေစရာမလိုဘဲ ပြုမူကျင့်ကြံတတ်နေပြီဖြစ်ပါသည်။

စာရေးသူငယ်စဉ်က ရေကူးသင်တန်းမတက်ခဲ့ရပါ။ ကျေးလက်ဒေသမှာမွေးဖွား ကြီးပြင်းခဲ့ရသဖြင့် ရေကူးကန်လည်းမမြင်ဖူးခဲ့ပါ။ သို့သော် သဘာဝကပေးထားသည့် ဧရာဝတီမြစ်ကြီးထဲ၌သာ သင်တန်းနည်းပြ မလိုဘဲ အစ်ကို၊ အစ်မများ၏ လှုပ်ရှားကူးခတ်မှုပုံစံကို ကြည့်ပြီး ရေကူးတတ်ခဲ့ခြင်းဖြစ်သည်။ နည်းစနစ် မှန်၊ မမှန် အတိအကျမသိရသော်လည်း ကျွမ်းကျင်စွာ ကူးခတ်တတ်ပါသည်။ သမီးများကိုလည်း နွေရာသီကျောင်းပိတ်ရက် အညာကျေးလက်ပြန်လျှင် ဧရာဝတီမြစ်ကြီးအတွင်း၌ရေကူးသင်ပေးမည်ဟု စည်းရုံးထားရပါသည်။ ရိုးသားစွာ ဝန်ခံရလျှင် စီးဆင်းမှုမရှိသော ရေသေ ကန်ကြီးထဲတွင် လူပေါင်းစုံနှင့် ရေအတူကူးရမည်ကို ဝန်လေးမိပါ၏။ လူ့အတွင်းစိတ်ကိုမည်သူမျှ အတိအကျခန့်မှန်းနိုင်မည် မဟုတ်ချေ။ ရေကူးနေသူ တစ်ဦးသည် ရေကူးကန်ထဲတွင် အပေါ့စွန့်ခြင်း ရှိ-မရှိ မည်သူမျှ ခွဲခြားနိုင်မည်မဟုတ်ချေ။

**အကျိုးရှိစွာအသုံးချသင့်**

မည်သို့ပင်ဆိုစေကာမူ အတတ်ပညာတစ်ခုခုတတ်မြောက်ထားခြင်းသည် လိုအပ်သည့်အချိန်တွင် အသုံးချနိုင်မည်ဖြစ်သည်။ ရေကူးတတ်ခြင်းသည်လည်း ရေဘေးကြုံသည့်အခါ အသုံးတည့်မည်ဖြစ်သည်။

ထို့အပြင် ရှေးဦးသူနာပြုသင်တန်းများ၊ တိုက်ကွမ်ဒိုသင်တန်းများကိုလည်း တက်ထားသင့်ပေသည်။ အထူးသဖြင့် လာမည့်ပညာသင်နှစ်အတွက် အင်္ဂလိပ်စာနှင့် သင်္ချာကို ကြိုတင်လေ့လာသင်ယူထားသင့်ပေသည်။ ကျန်ဖတ်စာများကို ပုံမှန်စာသင်ချိန်တွင်လေ့လာကျက်မှတ်သွားလျှင် အခက်အခဲရှိနိုင်မည် မဟုတ်ချေ။ နွေရာသီ ကျောင်းပိတ်ရက်တွင် ပညာရပ်တစ်ခုခုကိုသာ ဆည်းပူးသွားမည်ဆိုလျှင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် အသုံးတည့်နေမည်ဖြစ်သည်။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်တွင် အပြည့်အဝအနားယူပြီး သင်တန်းတစ်ခုခု တက်ရောက်ကာ အချိန်ကိုအကျိုးရှိစွာ အသုံးချသွားသင့်ပေသည်။

**သင်တန်းတက်ခွင့်မရခဲ့**

စာရေးသူတို့ငယ်စဉ်က နွေရာသီကျောင်းပိတ်ရက်ရောက်လျှင် ယာခင်းစောင့်ရလေ့ရှိသည်။ နေ့စဉ် နံနက်မိုးလင်းသည်နှင့် ထမင်းချိုင့်နှင့်ယာထဲသို့သွားရသည်။ ယာထဲရောက်လျှင် မြက်ရိပ်၊ ပေါင်းနုတ်၊ အသီးအနှံဆွတ်ခူး၊ နေ့လယ်စာစားပြီးခဏနား။ နားချိန်တွင် သစ်ပင်ရိပ်အောက်၌ စာဖတ်ခဲ့ရသည်။ ညနေဘက်တွင်လည်း အလားတူလုပ်ငန်းများကိုဆက်လုပ် နေဝင်ချိန်ရောက်မှသာအိမ်ကိုပြန်ရသည်။ နွေရာသီ ကျောင်းပိတ်ရက် အတော်များများတွင် ယာခင်းထဲ၌သာ အချိန်ကုန်ခဲ့ရပြီး သင်္ကြန်ကာလရောက်မှသာ အနားရသည်။ မျက်မှောက်ခေတ်ကလေးများလိုသင်တန်းများ တက်ရောက်ခွင့်မရရှိခဲ့ပါ။ မည်သို့ပင်ဆိုစေကာမူ ငယ်စဉ်က နွေရာသီကျောင်းပိတ်ရက်ကာလများတွင် မိဘများကို တတ်နိုင်သမျှကူညီလုပ်ကိုင်ပေးခဲ့ရသည်များကို ပြန်လည်တွေးတောမိတိုင်း ပီတိအကြိမ်ကြိမ်ဖြစ်ရသည်။

ခြုံ၍တင်ပြရလျှင် နွေရာသီကျောင်းပိတ်ရက်တွင် ကလေးများအား အနားပေးပြီးမှသာ သင်တန်းများ တက်ခိုင်းသင့်ပါသည်။ ထိုသို့သင်တန်းများတက်ခိုင်းရာတွင် ကလေးများ၏အနာဂတ်ဘဝကို လက်တွေ့ အကျိုးပြုနိုင်မည့် သင်တန်းမျိုးကိုသာဦးစားပေးရွေးချယ်ပေးသင့်ပေသည်။ မိဘများသည်ပကာသနလုပ်ပြီး အလုပ်မဖြစ်သောသင်တန်းမျိုးကို ရွေးချယ်ခြင်းမျိုးမှရှောင်ရှားသင့်ပါသည်။ ကာလဒေသအလိုက်မိမိကလေးနှင့် သင့်တော်သည့် သင်တန်းမျိုးကိုသာ ရွေးချယ်သွားရန်လိုအပ်သည်။ သင်တန်းတစ်ခုပြီးတစ်ခု ဆက်တိုက် တက်ခိုင်းခြင်းမျိုးကိုလည်း အထူးဂရုပြု ရှောင်ရှားသင့်ပါသည်။ ကလေးများကို နားချိန်နှင့် ကစားချိန်ကိုလည်း အပြည့်အဝ ပေးရန်လိုအပ်မည်ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ကျောင်းသူ၊ ကျောင်းသားလူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် အပြည့်အဝအနားယူပြီး ဝါသနာပါသည့် သင်တန်းတစ်ခုခုသို့ တက်ရောက်ကာ အချိန်ကို အကျိုးရှိစွာ အသုံးချသွားနိုင်ကြပါစေ။ ။



# ဒီမိုကရေစီနိုင်ငံများတွင် မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ဝေဖန်ထောက်ပြရန် သတင်းမီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ်သတ်မှတ်



**မုံရွာ ဖေဖော်ဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး မဏ္ဍိုင်ကြီးလေးရပ်တွေ့ဆုံဆွေးနွေးကြရာတွင် ကျေကျေညက်ညက်နှင့် ပြေလည်စွာဆွေးနွေးကြသည်ကို တွေ့ရသည့်အတွက် အအောင်မြင်ဆုံး မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲအဖြစ် မြင်တွေ့ရကြောင်း တွေ့ဆုံပွဲဦးဆောင်သူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်) က ပြောကြားသည်။

"ယခုလောက်မဏ္ဍိုင်လေးရပ်ကျေကျေညက်ညက်ပြေလည်တာ အအောင်မြင်ဆုံးပဲလို့မြင်ပါတယ်။ ဘာမှ ဖားပြောစရာမရှိဘူး။ တစ်ဖက်ကလိုလားချက်တွေ တင်ပြတယ်။ တစ်ဖက်က တာဝန်ရှိသူတွေက ဒါကတော့ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာကို အာမခံသွားတာ အတော်ကိုတိုးတက်လာတယ်လို့ ပြောရပါမယ်။ ဒီမိုကရေစီ အနှစ်သာရမှာ တစ်ဖက်နဲ့တစ်ဖက် မျှမျှတတ နွေးနွေးထွေးထွေး ဆွေးနွေးသွားတာမြင်ရတာ အားရစရာကောင်းပါတယ်" ဟု သတင်းစာဆရာကြီး ဦးအုန်းကြိုင်က ပြောကြားသည်။

မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ဝေဖန်ထောက်ပြရန် သတင်းမီဒီယာများကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ပြီး ဝေဖန်စောင့်ကြည့်ထောက်ပြခွင့်အာဏာကို အပ်နှင်းထားခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဖေဖော်ဝါရီ ၂၆ ရက်က မုံရွာမြို့တော်ခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး မဏ္ဍိုင်လေးရပ်တွေ့ဆုံပွဲတွင် ပြောကြားသည်။

"ပြည်သူများက မိမိတို့ပေးအပ်တဲ့ အာဏာကို သုံးစွဲသူများက မှန်မှန်ကန်ကန် သုံးစွဲသလား၊ မသုံးစွဲဘူးလား၊ မိမိတို့ဆန္ဒနဲ့ လျော်ညီစွာ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ပြီး ဝေဖန်ထောက်ပြ ကန့်ကွက်တားဆီးစတဲ့အလုပ်ကို လုပ်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ ဒီမိုကရေစီနည်းကျတဲ့ နိုင်ငံဖြစ်လာမှာပါ။ ဒီမိုကရေစီနိုင်ငံများမှာ မဏ္ဍိုင်သုံးရပ်ကို စောင့်ကြည့်ဝေဖန်ထောက်ပြဖို့ သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ပြီး ဝေဖန်စောင့်ကြည့်ထောက်ပြခွင့်အာဏာကို အပ်နှင်းထားတာဖြစ်ပါတယ်"ဟု ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် သတင်းစာဆရာကြီးဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်)တို့ အမှာစကားပြောကြားဖွင့်လှစ်ကာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ စစ်ကိုင်းတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ဦးခင်မောင်လှတို့က အမှာစကားအသီးသီးပြောကြားကာ မဏ္ဍိုင်လေးရပ်ဆွေးနွေးပွဲ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး (၁) ဦးကျော်စွာမင်းက ရှင်းလင်းတင်ပြသည်။

မဏ္ဍိုင်လေးရပ် ဆွေးနွေးကြရာတွင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များမှ တာဝန်ရှိသူများက ဦးစွာဆွေးနွေးတင်ပြကြပြီး သတင်းစာဆရာများ၏ လိုအပ်ချက်အကြံပြုဆွေးနွေးမှုများကို နှစ်ဖက်အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြသည်။

"နယ်မြေတွေမှာ ဖြစ်တည်နေတဲ့ အခြေအနေတွေအားလုံးကို ပြေပြစ်ချောမောအောင် တတ်နိုင်တဲ့ဘက်က ပါဝင်ကူညီဆောင်ရွက်ပေးဖို့ အဓိကပါ။ ဒီလအစီအစဉ်တွေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က နေပြည်တော်မှာ မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲ လုပ်ခဲ့ပါတယ်။ အဘက်ဘက်က ကြိုးစားကြတဲ့အရာတွေကို အားလုံးသိအောင် ပြန်ကြားပေးရမှာ မီဒီယာတွေရဲ့တာဝန်ပါ။ ဒါခေတ်အဆက်ဆက်ပါပဲ။ တစ်နည်းပြောရရင် လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက်ကနေ ဒီနေ့ထက်ထိ ခေတ်ပြောင်းသွားတဲ့နေရာမှာ သတင်းစာဆရာမပါရတဲ့ခေတ်ဆိုတာမရှိပါဘူး" ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ (၁) ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်) က ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# နွေရာသီအားကစားသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်တက်ရောက်

**မကွေး ဖေဖော်ဝါရီ ၂၇**
မကွေးတိုင်းဒေသကြီး ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၈ ခုနှစ် နွေရာသီအခြေခံ အားကစား သင်တန်းကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၂ ရက်ထိ စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပြီး သင်တန်းအမျိုးအစား ၁၀ မျိုးတွင် သင်ကြားရန် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ သင်တန်းသား ၃၉၉ ဦး စာရင်းပေးထားကြောင်း သိရသည်။

သင်တန်းအမျိုးအစားများတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကရာတေးဒို၊ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ ခရစ်ကတ်၊ ပြေးခုန်ပစ်၊ ဂျူဒိုနှင့် အလေးမတို့ပါဝင်ပြီး မိုးလုံလေလုံ တိုင်းဒေသကြီး အားကစားခန်းမနှင့် တိုင်းဒေသကြီး အားကစားကွင်းတို့တွင် နံနက်၊ ညနေ နှစ်ချိန်ခွဲ၍ တစ်ရက်ငါးနာရီကြာ သင်ကြားပေးလျက်ရှိသည်။

"နှစ်စဉ်နှစ်တိုင်းဖွင့်နေတဲ့ သင်တန်းတွေပါ။ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံ သဟဇာတဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်ဖို့၊ အားကစားလုပ်ပြီး ကျန်းမာကြံ့ခိုင်ဖို့၊ ဦးနှောက်ဉာဏ်ရွှင်လန်းဖို့ ဒါကိုအဓိကထားပြီး လုပ်နေတာပါ။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့အတွက် ဒီကလေးတွေကို အားကစားနဲ့ ပတ်သက်တဲ့ပိုး သွင်းပေးလိုက်တဲ့သဘောပါ။ နွေရာသီအားလပ်ရက်မှာ ကလေးတွေ အကျိုးရှိရှိအချိန်ကုန်ဆုံးနိုင်အောင် သင်ပြပေးသွားမှာပါ" ဟု မကွေးတိုင်းဒေသကြီး အား/ကာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးထွဋ်က ပြောကြားသည်။

သင်တန်းသားများအတွက် အားကစားပစ္စည်း၊ ဝတ်စုံနှင့် သင်တန်းနည်းပြ ထောက်ပံ့မှုတို့အတွက် ငွေကျပ်သိန်း ၂၀ ကျော်သုံးစွဲသွားမည်ဖြစ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်မှ ငွေချပေးထားကြောင်း ညွှန်ကြားရေးမှူး ဦးအေးထွဋ်ထံမှ သိရသည်။

လတ်တလောတွင် ဘောလုံးနှင့် ကရာတေးဒို အားကစားနည်းတို့အား သင်ကြားလိုသူများပြားလျက်ရှိကာ သမီးရှင်မိဘများက ကရာတေးဒို သင်တန်းတက်ရန် အားပေးမှုများရှိနေကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



# ဆိပ်ကမ်းနှင့်ကမ်းပြိုကာကွယ်ရေး အချိန်မီပြီးစီးရန် ကွင်းဆင်းစစ်ဆေး

**မော်လိုက် ဖေဖော်ဝါရီ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်နေသော ဆိပ်ကမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများပါဝင်သောအဖွဲ့သည် မော်လိုက်မြို့ ဆိပ်ကမ်းပြုပြင်ထိန်းသိမ်းခြင်းနှင့် စွယ်တော်ရပ်ကွက်တွင် ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းများ မိုးမကျမီပြီးစီးရေးနှင့် ခိုင်ခံ့ကောင်းမွန်စေရေးတို့အတွက် အထူးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် ပေ ၂၈၅၀ ရှိဆိပ်ကမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စွယ်တော်ရပ်ကွက်ရှိ ၅၃၅ ပေရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို လည်းကောင်း၊ တပ်ကုန်းကျေးရွာတွင် ခွင့်ပြုငွေ ကျပ်သန်း ၃၀၀၊ ညောင်ဝန်းကျေးရွာတွင် ခွင့်ပြုငွေကျပ်သန်း ၂၅၀၊ ကြာအင်းကျေးရွာတွင် ခွင့်ပြုငွေကျပ်သန်း ၃၀၀ တို့ဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း လေးခုအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများအား မတ်လကုန်ပြီးစီးနိုင်ရန် ခန့်မှန်းထားကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်မြတ်ထံမှ သိရသည်။

**မော်လိုက်သားလေး**



# မန္တလေးကျုံး အဆင့်မြှင့်တင်ခြင်းကို မတ်လအတွင်း အပြီးဆောင်ရွက်မည်



**မန္တလေး ဖေဖော်ဝါရီ ၂၇**
မန္တလေးမြို့ရှိ ကျုံးတောင်ဘက်နှင့် အနောက်ဘက်တွင် ယခင်ကာရံထားသည့် အကာအရံများကို စတီးလက်ရန်းများဖြင့် အစားထိုးလဲလှယ်ကာရံခြင်းနှင့် လျှောက်လမ်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ လုပ်ဆောင်နေပြီး လာမည့်မတ်လအတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

အဆိုပါ ကျုံးတောင်ဘက်နှင့် အနောက်ဘက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၄၀၀၀ သုံးစွဲသွားမည်ဖြစ်ပြီး စတီးလက်ရန်း လဲလှယ်ကာရံခြင်းလုပ်ငန်းကို အဆောက်အအုံနှင့် ကုန်လှောင်ရုံဌာနမှ တာဝန်ယူဆောင်ရွက်ပြီး လျှောက်လမ်းများပြုပြင်ခြင်း လုပ်ငန်းကို လမ်း၊ တံတားဌာနမှ တာဝန်ယူ ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီလုပ်ငန်းတွေ ဆောင်ရွက်တာ အပြင်က လုပ်ငန်းရှင်တွေကို ငှားရမ်းပြီး လုပ်ကိုင်တာမဟုတ်ပါဘူး၊ မြို့တော်စည်ပင်မှာရှိတဲ့ ဌာနတွေကပဲ တာဝန်ယူဆောင်ရွက်တာပါ၊ မြို့ခံပြည်သူလူထုရဲ့ အကြံဉာဏ်တွေကို အခြေခံပြီးတော့ အန္တရာယ်ကင်းပြီး ရေရှည်ခိုင်ခံ့အောင် အကုန်အကျ သက်သာစွာနဲ့ ကျုံးရေပြင်၊ နန်းမြို့ရိုးရဲ့ ပုံရိပ်ကို မထိခိုက်အောင်ပြုပြင်သွားမှာပါ၊ နည်းပညာတက္ကသိုလ်(မန္တလေး)က ဗိသုကာပညာရှင်တွေကလည်း သူတို့စိတ်ကူးလေးတွေကို ပို့ပေးတာတွေရှိပါတယ်၊ လက်ရှိမှာ ကျုံးတောင်ဘက်နဲ့ အနောက်ဘက်ကို ဆောင်ရွက်နေပြီး ကျန်တဲ့အခြမ်းတွေကို ဆောင်ရွက်ဖို့ အလှူရှင်တွေက လှူဒါန်းချင်တယ်လို့ ပြောတယ်၊ ဒါတွေကိုလည်း လက်ခံကြိုဆိုသွားမှာပါ" ဟု ၎င်းက ပြောသည်။

ကျုံးရေပြင်ကို ကာရံမည့်အကာအရံ ဒီဇိုင်းကို အဆောက်အအုံနှင့် ကုန်လှောင်ရုံဌာနမှ ရေးဆွဲခြင်းဖြစ်ပြီး အရောင်မှိန်စတီးများကို တရုတ်နိုင်ငံမှ မှာယူထားကြောင်းနှင့် လျှောက်လမ်းများကို အနည်းဆုံးငါးနှစ်ခန့်အထိ မပျက်စီးနိုင်သည့် ကွန်ကရစ်တုံးများဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်ကာ ကျုံးပတ်လည် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးပါက ပေ ၂၀ အကျယ်အဝန်းရှိ ညီညာသော ကွန်ကရစ်လျှောက်လမ်းဖြစ်ပေါ်လာမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဖျာပုံတံတားမီးလင်းရေးဆောင်ရွက်နိုင်ပြီဖြစ်၍ပြည်သူများပျော်ရွှင်စွာသွားလာနိုင်




**ဖျာပုံ ဖေဖော်ဝါရီ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ဂုဏ်ဆောင် ဖျာပုံတံတားကြီး၏ သတ်မှတ်နေရာများတွင် သက်ဆိုင်ရာမီးများ ထွန်းညှိပေးထားသော်လည်း ရာသီဥတုအခြေအနေ၊ လျှပ်စစ်ဓာတ်အား အတက်အကျများကြောင့် ယခုနှစ်အတွင်း မီးများပြည့်စုံစွာမလင်းနိုင်သည်မှာ သုံးလခန့်ကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ဖြစ်ပေါ်နေသော အခြေအနေများတွင် ဖျာပုံခရိုင်လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇော၊ ဦးစီးအရာရှိ ဦးအုန်းမောင်တို့၏ စီစဉ်ညွှန်ကြားမှုများဖြင့်၊ တံတားအထူးအဖွဲ့(၁၅)မှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးရဲမင်းနှင့်အဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက် ဖျာပုံတံတားကြီး၏ သက်ဆိုင်ရာ သတ်မှတ်နေရာများတွင် မီးများ ထိန်ထိန်လင်းစေရန် ဆောင်ရွက်ပေး နိုင်ပြီဖြစ်ရာ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ခရီးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဖျာပုံမြို့က ပြည်သူတွေနဲ့ အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူတွေအတွက် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားတဲ့ ဖျာပုံတံတားကြီးက လူမှုစီးပွားရေးအတွက် လွန်စွာအရေးပါတဲ့အပြင် တံတားကြီးပေါ်မှာ လာရောက်အပန်းဖြေတဲ့ ပြည်သူတွေအတွက်လည်း မရှိမဖြစ်လိုအပ်တဲ့ တံတားကြီးဖြစ်ပါတယ်၊ ဒါအပြင်ညဦးပိုင်း၊ ညဥ့်နက်ပိုင်း ခရီးသွားပြည်သူတွေနဲ့၊ နံနက်စောစော ဝေလီဝေလင်းမှာ ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်တဲ့ ပြည်သူတွေအတွက်ပါ အဆင်ပြေတဲ့အပြင် တံတားကြီး လုံခြုံရေးအတွက်လိုအပ်လို့ ယခုလိုတာဝန်ရှိသူတွေက ပွင့်လင်းရာသီမှာ မီးများလင်းအောင် လုပ်ဆောင်ပေးလို့ ပြည်သူတွေပျော် ရွှင်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ပါပြီ" ဟု တံတားကြီးခြေဆင်းအနီး အမှတ် (၁) ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံတံတားကြီးကို ၂၀၀၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးနောက်တွင် နှစ်စဉ်အကြောင်းအမျိုးမျိုးကြောင့် မီးများလင်းနိုင်ခဲ့ခြင်း မရှိသည့်အချိန်ကာလများတွင် ပြည်သူများက မီးလင်းနိုင်စေရန် လိုလားတောင့်တမှုများကို သက်ဆိုင်ရာတာဝန်ရှိ ဌာနဆိုင်ရာများက ပွင့်လင်းရာသီများတွင် ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ ဖျာပုံတံတားကြီး၏ ဖျာပုံမြို့ဘက်ခြမ်း တံတားကြီးခြေဆင်း လမ်းမီးတိုင် ၁၅ လုံး၊ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာဘက် တံတားကြီးခြေဆင်းတွင် လမ်းမီးတိုင်ခုနစ်လုံး၊ ရေလယ်ပင်မတံတားပေါ်တွင် လမ်းမီးရှစ်လုံး၊ ရေလယ်ဘိုးပိုင်များတွင် ရေကြောင်း အချက်ပြမီးရှစ်လုံး၊ ရေကြောင်းပြမီးခြောက်လုံး အပါအဝင်စုစုပေါင်းမီး ၄၄ လုံး ထိန်ထိန်လင်းနေဖြစ်သည်။

တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် မီးများထိန်ထိန်လင်းစေရေးကို တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိပြီး တံတားကြီး၏ လူသွားလမ်း ပလက်ဖောင်းများပေါ်တွင် ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားမူးယစ်မှုများကို ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက မြို့မိ၊ မြို့ဖများ၊ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **၅၄၀**

# ကျောင်းသား၊ ကျောင်းသူလေးများ ဉာဏစွမ်းရည်ပြိုင်

**လှည်းကူး ဖေဖော်ဝါရီ ၂၇**
ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များ ဉာဏစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများကို လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဒေါ်ရည်ရည်မွန်က ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲတို့ကို ကျင်းပခဲ့ရာ အ-မ-က ရန်ကင်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်၊ မြို့နယ်စာရေးဆရာ ဦးကျော်မင်းညွန့်(လှည်းကူး)နှင့် ပန်းချီဆရာ ဦးစောဂျွန်းတို့က အကဲဖြတ် အမှတ်ပေးခဲ့ကြပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရ ကျောင်းသား၊ ကျောင်းသူ ကိုးဦးအား တာဝန်ရှိသူများက အရုပ်များနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ **နိုင်လင်း (ပြန်/ဆက်)**




# သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာအလုပ်ရုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် ဘက်စုံသဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပထမဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့တော်ခန်းမ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက လူဦးရေသိပ်သည်းမှုများပြားလာသည်နှင့်အမျှ ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကြုံလာပါက စီမံခန့်ခွဲမှုပိုင်းတွင် ပိုမိုပြင်ဆင်ထားရန်လို အပ်ကြောင်း၊ သဘာဝဘေး အန္တရာယ်နှင့် ဆက်စပ်သည့် Project များကို အခြားဝန်ကြီးဌာနများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် လည်း ကမ္ဘာ့ဘဏ် ADG, AFG, JICAစသည့် အဖွဲ့အစည်းများနှင့် ဆောင်ရွက်နေသည့် ပရောဂျက်များရှိပါကြောင်း ပြောကြားသည်။

"ရန်ကုန်မြို့အတွက် သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ အခြေအနေမှာ ကျွန်မတို့အနေနဲ့ ဘာတွေပြင်ဆင်ဖို့လိုမလဲ၊ စီမံခန့်ခွဲမှုအပိုင်းဟာ ဘယ်လို အနေအထားမှာရှိလဲ၊ ဘာတွေဖြည့်ဆည်း ဖို့လိုလဲဆိုတဲ့ Result လေးတစ်ခုလုပ်ချင်တယ်လို့ Cologne တက္ကသိုလ်ကကမ်းလှမ်းလာတဲ့ အချိန်မှာ ကျွန်မတို့အတွက် အချိန်ကိုက်ဖြစ်လို့ မြို့တော်ဝန်နဲ့ကော်မတီက ဒီပရောဂျက်ကို ဆောင်ရွက်ဖို့ သဘောတူခဲ့ပါတယ်" ဟု ဒေါ်လှိုင်မော်ဦးက ပြောသည်။



ယင်းနေ့ဆွေးနွေးပွဲတွင် ဂျာမနီနိုင်ငံ Cologne တက္ကသိုလ် Institute of Geography မှ ပါမောက္ခဒေါက်တာ Frauke Kraas မြန်မာနိုင်ငံ ငလျင်ကော်မတီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်(ပထဝီဝင်)ဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။ **ဓာနည်မောင်**

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတစ်လျှောက် လူကူးခုံးကျော်တံတား ၁၅ စင်း တည်ဆောက်ရန်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**
ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက် ရထားလမ်းဖြတ်ကူးနေရာများတွင် လူကူးခုံးကျော် တံတား ၁၅ စင်းခန့် တည်ဆောက်ရန်ရှိနေကြောင်း မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်မှုများတွင် တရားဝင် ဖြတ်ကူးခွင့်ပြုထားသော နေရာများအပြင် တရားမဝင်ဖြတ်ကူးနေသော နေရာများမှ အမှုမဲ့မှတ်မဲ့ဖြတ်သန်းနေမှုများကြောင့် မတော်တဆမှုများ ဖြစ်ပွားလာမှုမှာ ယခင်နှစ်များကထက်ပိုမိုများပြားလာနေပြီး လိုအပ်ချက်ရှိသောနေရာများတွင် လူကူးခုံးကျော်တံတားများ တည်ဆောက်ရန်ရှိကြောင်း မြန်မာ့မီးရထား (အောက်မြန်မာပြည်ရုံး)မှ သိရသည်။

"လူကူးခုံးကျော်တံတား တည်ဆောက်ဖို့နေရာ ၁၅ နေရာရှိပါတယ်၊ အပိုင်းအလိုက် တည်ဆောက်သွားဖို့ စီစဉ်ထားပါတယ်" ဟု မြန်မာ့မီးရထား (အောက်မြန်မာပြည်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် တည်ဆောက်ရန် လျာထားသည့် လူကူးခုံးကျော်တံတား ၁၅ စင်းမှာ အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားတွင် နှစ်စင်း၊ လှည်းတန်းဘူတာနှင့် ကမာရွတ်ဘူတာကြားတွင် သုံးစင်း၊ ကမာရွတ်ဘူတာနှင့် သီရိမြိုင်ဘူတာကြားတွင် နှစ်စင်း၊ သမိုင်းမြို့သစ်နှင့် ကြို့ကုန်းဘူတာကြားတွင် တစ်စင်း၊ အင်းစိန်ဘူတာနှင့် ရွာမဘူတာကြားတွင် နှစ်စင်း၊ ရွာမဘူတာနှင့် ဖော့ကန် ဘူတာကြားတွင် တစ်စင်း၊ ဖော့ကန်ဘူတာနှင့် အောင်ဆန်းဘူတာကြားတွင် တစ်စင်း၊ ကျိုက္ကလဲ့ဘူတာနှင့် မင်္ဂလာဒုံဈေးဘူတာကြားတွင် တစ်စင်း၊ မင်္ဂလာဒုံဈေးဘူတာနှင့် မင်္ဂလာဒုံဘူတာကြားတွင် နှစ်စင်း၊ မင်္ဂလာဒုံဘူတာနှင့် ဝေဘာဂီဘူတာကြားတွင် တစ်စင်း၊ ဝေဘာဂီဘူတာနှင့် ဥက္ကလာဘူတာကြားတွင် တစ်စင်း၊ ဥက္ကလာဘူတာနှင့် ပုရွက်ဆိတ်ကုန်းဘူတာကြားတွင် တစ်စင်း၊ ပုရွက်ဆိတ်ကုန်းဘူတာနှင့် ကျောက်ရေတွင်းဘူတာကြားတွင် သုံးစင်း၊ ကျောက်ရေတွင်းဘူတာနှင့် တံတားကလေးဘူတာကြားတွင် နှစ်စင်း၊ တံတားကလေးဘူတာနှင့် ရေကူးဘူတာကြားတွင် တစ်စင်း၊ ရေကူးဘူတာနှင့် ပါရမီဘူတာကြားတွင် တစ်စင်း၊ ပါရမီဘူတာနှင့် ကံဘဲ့ဘူတာကြားတွင် တစ်စင်း၊ ကံဘဲ့ဘူတာနှင့် ဘောက်ထော်ဘူတာကြားတွင် နှစ်စင်း၊ ဘောက်ထော်ဘူတာနှင့် တာမွေဘူတာကြားတွင် နှစ်စင်း၊ တာမွေဘူတာနှင့် မေတ္တာညွန့်ဘူတာကြားတွင် နှစ်စင်း၊ မေတ္တာညွန့်ဘူတာနှင့် မလွှကုန်းဘူတာကြားတွင် နှစ်စင်း၊ မလွှကုန်းဘူတာနှင့် ပုဇွန်တောင် ဘူတာကြားတွင် တစ်စင်းတို့ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့ပတ်ရထား လမ်းပိုင်းသည် ၄၆ ကီလိုမီတာ ရှည်လျားပြီး မြို့ပတ်ဘူတာစဉ် ၃၈ ဘူတာရှိကာ မြို့ပတ်ရထား ခရီးစဉ် မြို့တစ်ပတ်ပြေးဆွဲမှုကြာမြင့်ချိန်သည် မိနစ် ၁၇၀ ခန့် ရှိကြောင်း သိရသည်။ မြို့ပတ်ရထား မြန်နှုန်းမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေမှုနှင့်အတူ လာမည့် ၂၀၂၂ တွင် တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေပြီး မြို့တစ်ပတ်ကြာမြင့်ချိန်ကို မိနစ် ၁၁၀ ခန့်သာ ကြာမြင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကားလမ်းဖြတ်ကူး ခုံးကျော်တံတားများ၊ လူကူးခုံးကျော်တံတားများ တည်ဆောက်ရန်လိုအပ်ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ် ရထားလမ်း (အနောက်ခြမ်း)၏ စီမံကိန်းအဆင့်(၁) အနေဖြင့် အင်းစိန်-တညင်းကုန်းလမ်းပိုင်း ၃ ဒသမ ၇၅ မိုင်ကို အဆင့်မြှင့်တင်မှုများ စတင်ပြုလုပ်နေပြီဖြစ်ပြီး စီမံကိန်းကာလကို ၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ပြီးစီးရန် လျာထားသည်။ ယင်းစီမံကိန်း ပြီးစီးပါက စီမံကိန်းအပိုင်း (၂) အနေဖြင့် အင်းစိန်-ကြည့်မြင်တိုင် လမ်းပိုင်းကို အဆင့်မြှင့်တင်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် အပိုင်း(၃) အနေဖြင့် ကြည့်မြင်တိုင်-ရန်ကုန်(ဘုရားလမ်း)ဘူတာ အထိ လမ်းပိုင်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ ယင်းစီမံကိန်း ပြီးစီးမည့်ကာလကို ၂၀၁၉ မတ် ၃၁ တွင် လျာထားကြောင်း သိရသည်။ ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှု (အနောက်ခြမ်း) အပြင် (အရှေ့ခြမ်း) စီမံကိန်းကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်း တစ်ခုလုံး ပြီးစီးပါက မြို့ပတ်ရထား ပြေးဆွဲမှု ကြာမြင့်ချိန်ကို လျှော့ချနိုင်မည် ဖြစ်ကြောင်း သိရသည်။ **၀၀၁**

## သတင်းတိုများ

### စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပြည်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာ ၁၀ ရွာမှ ကျေးရွာငွေစာရင်းကိုင်များအား စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်က ပြည်ခရိုင်ကျေးလက်ရုံးအစည်းအဝေးခန်းမ၌ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကျော် လင်းအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့် မြစိမ်းရောင်စီမံကိန်းကျေးရွာအဆင့် ကြီးကြပ်မှုကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သူရအောင်(ပြည်)**

### လှိုင်သာယာမြို့နယ်အတွင်း ရပ်ကွက်အခြေပြုအဖွဲ့များအားစစ်ဆေး

လှိုင်သာယာမြို့နယ်အတွင်း မူခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြတ်စိုးတို့က ရပ်ကွက်အခြေပြုအဖွဲ့များအား ဖေဖော်ဝါရီ ၂၄ ရက် ညပိုင်းက စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

### ကျောက်တန်းမြို့၌သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့မစခန်းမှူး ဒုရဲမှူးနိုင်နိုင်ငြိမ်းသည် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၄ နာရီက ကန်ပြောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက်ဖြစ်ပွားခဲ့ပြီးသောဖြစ်စဉ်များနှင့်ယှဉ်ပြီး သိကောင်းစရာများ၊ ရှောင်ရန်-ဆောင်ရန်တို့ကို ရှင်းလင်းဟောပြောခဲ့သည်။ **၆၈၉**

# ပဟေဠိများနှင့်ကြတ်ဂူသို့တစ်ခေါက်

မင်းမင်း(ရှေးဟောင်းသုတေသန)

၂၁-၁၀-၂၀၁၇ ရက်နေ့တွင် (ငွေတောင်ပြည်ရယ်လို့ နာမည်ရသည့်) ကယားပြည်နယ် လွိုင်ကော်မြို့သို့အလုပ်ကိစ္စတစ်ခုနှင့် ခရီးထွက်ခဲ့သည်။ မိုးနှောင်းရဲ့ အကြွင်းအကျန်တွေက မြေပြန့်မှာမသိသာ သော်လည်း ရှမ်းပြည်နယ်ထဲသို့ ရောက်သည်နှင့် မိုးတို့သည် အငြိုးတကြီး တဖွဲဖွဲသွန်ချလို့လာပါသည်။ ကံကောင်းစွာပဲ လွိုင်ကော်ကိုရောက်သည်နှင့် ဒေါသပြေသွားတဲ့ မိုးကနေ တောင်ပေါ်လေနုအေးလေးတွေက ဆီးကြိုလို့ နေပါတော့သည်။ လွိုင်ကော်မှတစ်ဆင့် ဒီးမော့ဆိုမြို့နယ်ရှိ နမ်းမယ်ခုံရွာကို ဆက်လက်ခရီးထွက်ခဲ့ပြီး ရောက်တဲ့နေ့ ညနေပိုင်းမှာပဲ ရုံးအလုပ်များကို အပြီးသတ် ဆောင်ရွက်ပြီးနောက် နားမလည်သည်များအား နမ်းမယ်ခုံရွာ ဖိုးဗျားစေတဝန်ကျောင်း ဆရာတော် ဦးကုသလ၊ အကျိုးတော်ဆောင်များနှင့် ဂေါပကအဖွဲ့များကိုမေးမြန်းခဲ့ပါသည်။ ထို့နောက် လွိုင်ကော်ပြတိုက် ဧည့်ရိပ်သာတွင် ခေတ္တနားပြီး ညစာထွက်စားခဲ့သည်။ ညစာစားရင်း နက်ဖြန်မနက်အတွက် အလွန်သွားရောက် လေ့လာချင်သော ကြတ်ဂူသို့သွားရန် အစီအစဉ်ဆွဲပြီး အနားယူခဲ့သည်။

**ရှုမောဖွယ်နေရာတစ်ခု**

နောက်တစ်ရက် မနက် ၆ နာရီခန့်တွင် မနက်စာစားပြီးနောက် ကြတ်ဂူသို့ ထွက်လာခဲ့ပါသည်။ ကြတ်ဂူသည် ကယားပြည်နယ် လွိုင်ကော်မြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့် အကွာတွင်ရှိပြီး တည်နေရာအညွှန်းအားဖြင့် N 19° 40' 09" နှင့် E 97° 19' 59" တွင်တည်ရှိသည်။ ကြတ်ဂူ တည်ရှိရာတောင်ခြေအထိ ကားလမ်းပေါက်ပြီး လွယ်ကူအဆင်ပြေသော ခရီးဖြစ်ပါသည်။ လမ်းခရီးတစ်လျှောက်လုံးတွင် တောတောင်ရှုခင်းများ၊ လယ်ယာမြေများဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။

ကြတ်ဂူ၏အဝင်ဝသည် တောင်ခြေမှ အမြင့်ပေ ၁၂၀ ခန့်တွင် တည်ရှိသည်။ လက်ရှိအချိန်တွင် ဒေသခံဖြစ်သောဆရာတော် ဦးဝါယမမှ ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ ဒေသအခေါ်အားဖြင့် ကြတ်ဂူကို "ရာစုကု"ဟုခေါ်ကြောင်းသိရသည်။ အတက်အဆင်းလွယ်ကူစေရန်အတွက် အုတ်လှေကားနှင့် လက်ရန်းများပြုလုပ်ပေးထားသည်။ ကြတ်ဂူအဝင်ဝနေရာသည် ဂူအတွင်းပိုင်းအလှနှင့် ပတ်ဝန်းကျင်သဘာဝတောတောင်ရှုခင်းများကို မြင်တွေ့နိုင်သည့် ရှုမောဖွယ်နေရာတစ်ခုဖြစ်ပါသည်။ ကြတ်ဂူသည် သဘာဝထုံးကျောက်လိုဏ်ဂူတစ်ခုဖြစ်ပြီး ဂူကြမ်းခင်းမြေသားသည် အမြဲတမ်းအစိုဓာတ် ရှိနေသောမြေသားမျိုးဖြစ်သည်။

**ပဟေဠိများနှင့်ပြည့်**

လိုဏ်ဂူအဝင်ဝမှ အတွင်းသို့ မီတာ ၁၀၀ ခန့်ဝင်မိသည်နှင့် ပဟေဠိများနှင့်ပြည့်နေသော ကျွန်းသားသစ်လုံးထွင်းအခေါင်း(Teak log Coffin) များအား စတင်တွေ့ရှိရသည်။ အခေါင်းအများစုမှာ မြေပေါ်တွင် ကျိုးပဲ့ပျက်စီးလျက်ရှိသည်။ အချို့အခေါင်းများ၏အနီးတွင် အိုးကြမ်းပဲ့အချို့ကိုလည်း တွေ့ရသည်။ အခေါင်းအများစုမှာ အခေါင်းချည်းသီးသန့် တည်ရှိနေခြင်းမျိုးမဟုတ်ဘဲ အနီးတစ်ဝိုက်တွင် အခေါင်းတင်ရန် စင်ပြုလုပ်နိုင်သည့် တိုင်များနှင့် တန်းများကို ပြန့်ကျဲလျက်တွေ့ရှိရသည်။ ဒေသခံတစ်ဦး၏ ပြောပြချက်အရ လွန်ခဲ့သောနှစ် ၇၀ ခန့်က အခေါင်းများအတွင်းတွင် လူအရိုးစုများကို တွေ့ခဲ့ဖူးသည်ဟုသိရသည်။


**လေ့လာမေးမြန်း**

လေ့လာတွေ့ရှိချက်များအရ အခေါင်းအများစုမှာ လိုဏ်ဂူနံရံဘက်တွင် တစ်ဖက်မေးတင်လျက် အခြားတစ်ဖက်မှာဂူကြမ်းပြင်၌ ထောက်လျက်တွေ့ရသည်။ တချို့အခေါင်းများ၏ အစွန်းတစ်ဖက်နားတွင် ကြိုးချည်နိုင်သည့် နဖားပေါက်များကို ထည့်သွင်းပြုလုပ်ထားသည်။ အခေါင်းများအားတောင်ခြေမှ လိုဏ်ဂူအပေါက်ဝသို့ ကြိုးဖြင့် ဆွဲ၍တင်ရာတွင် လွယ်ယူစေရန်အတွက်သော်လည်းကောင်း၊ စင်ပေါ်တင်ထားချိန်တွင် တည်ငြိမ်မှုရှိစေရန် ကြိုးဖြင့် ချည်နှောင်ထားနိုင်ရန် အတွက်သော်လည်းကောင်း ထည့်သွင်းပြုလုပ်ထားဟန်ရှိသည်။ အခေါင်းများမှာ ရှစ်ပေခန့်မှ ၁၅ ပေခန့်အထိရှိကြပြီး လက်မ ၂၀ ခန့်မှ ၂၅ လက်မခန့်အထိ အချင်းရှိသည်။ စုစုပေါင်းကျွန်းသစ်လုံးထွင်းအခေါင်း(Teak log Coffin)ပေါင်း ၂၀ ဝန်းကျင်ခန့် တွေ့ရပြီးအများစုမှာ ကျိုးပဲ့ပျက်စီးလျက်ရှိသည်။



လေ့လာတွေ့ရှိချက်များအရအခေါင်းပုံစံ လေးမျိုးရှိသည်။ အခေါင်းများကိုလေးထောင့်ပုံစံ၊ ဘဲဥပုံစံ၊ စက်ဝိုင်းပုံစံစသည်ဖြင့် ပြုလုပ်လေ့ရှိပြီး အချို့အခေါင်းများတွင် လက်ကိုင်ခေါင်းများပါရှိပြီး အချို့တွင် မပါရှိချေ။ စက်ဝိုင်းခြမ်းပုံသဏ္ဌာန်ရှိ အချို့အခေါင်းများ၏ သစ်ကွင်းများအား လေ့လာတွေ့ရှိချက်အရ နှစ်(၈၀ မှ ၁၀၀)ကျော် သက်တမ်းရှိသစ်လုံးများအား ထွင်း၍ အခေါင်းပြုလုပ်ထားသည်ကို တွေ့ရသည်။ အချို့အခေါင်းများမှာ အလွန်ဆွေးမြည့်နေသော်လည်း မြေပြင်အထက်ပိုင်း ကျောက်တုံးများ ပေါ်တွင်ရှိသော အခေါင်းများမှာအတော်အတန် ကောင်းမွန်လျက်ရှိသည်ကို တွေ့ရသည်။ စနစ်တကျ ပြန်လည်ထိန်းသိမ်း မည်ဆိုပါက အချို့ကိုအကောင်းအတိုင်း ပြန်လည်ရရှိနိုင်သော အနေအထား တွင်ရှိနေသည်။ အခေါင်းအများစုကို လိုဏ်ဂူ၏ အနောက်ဘက်ခြမ်း နံရံအနီးတွင်တွေ့ရသည်။ ဒေသခံများအား လေ့လာမေးမြန်းမှုအရ ယခုလက်ရှိအချိန်တွင် ကြတ်ဂူအနီးဝန်းကျင်ရှိ ဒေသများ၌ သစ်လုံးအခေါင်းထွင်း၍သင်္ဂြိုဟ်သည့် အလေ့အထမရှိတော့ကြောင်း မည်သည့်အချိန် ကတည်းက ဤအခေါင်းများရှိနေသည်ကို သိမီသူမရှိကြောင်းသိရသည်။

> ❝ မြန်မာနိုင်ငံတွင် အလွန်ရှားပါးသည့် ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သော သစ်လုံးထွင်း အခေါင်း (Log Coffin Culture) တည်ရှိရာ ကြတ်ဂူကို ဒေသခံ တိုင်းရင်းသားများ၏ စီးပွားရေး အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားလုပ်ငန်းများ တိုးချဲ့ပေးခြင်း၊ စနစ်တကျ သုတေသနပြုလေ့လာခြင်း၊ ထိန်းသိမ်းခြင်းနှင့်အနီးဝန်းကျင်ရှိ ဒေသများအား ကွင်းဆင်း သုတေသနပြုခြင်းများ ဆောင်ရွက်သင့် ❞




**ပဟေဠိများစွာ တည်ရှိနေ**

သို့ပါသောကြောင့် ဤကဲ့သို့ သစ်လုံးများအားအခေါင်းထွင်း၍ လိုဏ်ဂူအတွင်း လာရောက်သင်္ဂြိုဟ်သော ယဉ်ကျေးမှုဓလေ့ရှိသည့် သူများမှာမည်သို့သော လူမျိုးစုများလဲ၊ မည်သည့်အရပ်မှလာသောဓလေ့လဲ၊ ဤဒေသအတွင်း လက်ရှိနေထိုင်နေသောလူမျိုးစုများနှင့် မည်သို့မည်ပုံဆက်နွှယ်နေသလဲ၊ မည်ကဲ့သို့သော လူမျိုးများအား ဤကဲ့သို့သင်္ဂြိုဟ်လေ့ရှိသလဲစသည်ဖြင့် ရှာဖွေရန်ခက်ခဲသော ပဟေဠိများစွာ တည်ရှိနေပေသည်။

ကြတ်ဂူသည် အရှည်အားဖြင့် ၂၁၉၄မီတာရှည်လျားပြီး မြန်မာနိုင်ငံတွင် တတိယအရှည်ဆုံး လိုဏ်ဂူတစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင် ကြတ်ဂူအား စောင့်ရှောက်လျက်ရှိသောဆရာတော်မှ ဂူအတွင်း မီတာ ၆၀၀ ခန့်အထိ လျှပ်စစ်မီးသွယ်တန်းပေးထားသဖြင့် လွယ်ကူအဆင်ပြေစွာ သွားလာနိုင်သည်။ ဒီးမော့ဆိုမြို့နယ်အတွင်း၌လည်း (Coffin Ridge Cave) တစ်ခုနှင့် ကယားပြည်နယ် ရှားတောနယ်အတွင်းတွင်လည်း (Coffin Cave)တစ်ခု ရှိနေသည်ကို သိရသည်။

**ပုံစံအမျိုးမျိုးပြုလုပ်ထား**

ဆက်စပ်လေ့လာမှုများအရ နယ်မြေချင်းထိစပ်လျက်ရှိသောထိုင်းနိုင်ငံအနောက်မြောက်ပိုင်း Mae Hong Song ပြည်နယ်၊ Pang Mapha ခရိုင်အတွင်းတွင်လည်း ဤကဲ့သို့သော သစ်လုံးထွင်းအခေါင်းများဖြင့် သင်္ဂြိုဟ်လေ့ရှိလိုဏ်ဂူများ၊ ကျောက်ဂူအမိုးစွန်းများ ၆၀ ကျော်ခန့်ရှိသည်ကိုတွေ့ရသည်။ အဆိုပါ လိုဏ်ဂူများအားဒေသခံများမှ "Tham Pi Maen" (သို့) "Spirit Cave" ဟုခေါ်သည်။ လိုဏ်ဂူပေါင်း ၆၀ ကျော်ရှိသည့်အနက် Bo Krai Cave နှင့် Ban Rai Rock Shelter တို့သည် ထင်ရှားသည့် နေရာများဖြစ်ကြသည်။

လိုဏ်ဂူအတွင်းရှိအခေါင်းများ၏ ထိပ်ပိုင်းများကိုပုံစံအမျိုးမျိုးဖော်၍ ပြုလုပ်ထားသည်ကို တွေ့ရပြီး စုစုပေါင်းပုံစံ ၁၂ မျိုးရှိသည်ကိုတွေ့ရသည်။ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ Log Coffin များဖြင့် နှိုင်းယှဉ်လေ့လာမှုအရ ကြတ်ဂူအတွင်းမှ သစ်လုံးထွင်း အခေါင်းများဖြင့် သင်္ဂြိုဟ်လေ့ရှိသည့်ဓလေ့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၁၀၀ မှ ၁၂၀၀ အတွင်းရှိ လူမျိုးစုတစ်ခု၏ ယဉ်ကျေးမှုဓလေ့ ဖြစ်ဖွယ်ရှိသည်ဟု ယူဆနိုင်သည်။

**ရိုးရာယဉ်ကျေးမှုဓလေ့**

ဤကဲ့သို့ Log Coffin များအား တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံတို့တွင်လည်းတွေ့ရပြီး အချို့ဒေသများတွင် ယခုတိုင်အသုံးပြုနေဆဲ ရှိသေးသည်ကိုတွေ့ရသည်။ သို့သော် ကြတ်ဂူကဲ့သို့ ဂူထဲတွင်ထား၍ သင်္ဂြိုဟ်ခြင်းမဟုတ်ဘဲ တောင်နံရံများကိုထွင်း၍ တန်းများစိုက်သွင်းပြီး အဆိုပါတန်းများပေါ်တွင် အခေါင်းများတင်၍သော်လည်းကောင်း၊ တောင်နံရံများကိုထွင်း၍ သော်လည်းကောင်း သင်္ဂြိုဟ်လေ့ရှိသည်ကိုတွေ့ရသည်။

သို့ပါသောကြောင့် မြန်မာနိုင်ငံတွင် အလွန်ရှားပါးသည့် ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သော သစ်လုံးထွင်းအခေါင်း (Log Coffin Culture) တည်ရှိရာ ကြတ်ဂူကိုဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားလုပ်ငန်းများတိုးချဲ့ပေးခြင်း၊ စနစ်တကျ သုတေသနပြုလေ့လာခြင်း၊ ထိန်းသိမ်းခြင်းနှင့်အနီးဝန်းကျင်ရှိ ဒေသများအား ကွင်းဆင်းသုတေသနပြုခြင်းများ ဆောင်ရွက်သင့်သည့် နေရာတစ်ခုဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ။



# ၁၄ နှစ်တာအငွေ့အသက်တွေကို ပထမဆုံးတစ်ကိုယ်တော်ခွေမှာ တွေ့မြင်ရမယ်ဆိုတဲ့ ရေဗက္ကဝင်း

အတွဲခွေပေါင်းများစွာ ထွက်ရှိခဲ့ပြီဖြစ်သော်လည်းတစ်ကိုယ်တော်ခွေအနေဖြင့် ဂီတသက်တမ်း ၁၄ နှစ်နီးပါးကြာမှ ထွက်ရှိခဲ့သည့် တေးသံရှင်ရေဗက္ကဝင်းကပထမဆုံး တစ်ကိုယ် တော်ခွေတွင် သူဖြတ်သန်းခဲ့သည့် ၁၄ နှစ်တာ အငွေ့အသက်များကို ခံစားရမည်ဖြစ်ကြောင်းပြောသည်။

"ရေဗက္ကရဲ့တစ်ကိုယ်တော် ခွေလေးကိုကချင်နာမည် "ru" (Maka) လို့ပေးထားဖြစ်တဲ့ အဓိပ္ပာယ်က အလွန်ကိုလေးနက်ပါတယ်၊ အဓိပ္ပာယ်အမျိုးမျိုးဖွင့် ဆိုလို့ရတယ်၊ အဓိပ္ပာယ်ကတော့ ရေဗက္ကဝင်းရဲ့ပုံရိပ်၊ ရေဗက္ကဝင်းရဲ့ အရောင်အဆင်း၊ ရေဗက္ကဝင်းရဲ့ ပုံသဏ္ဌာန်၊ အငွေ့အသက်သဘော မျိုးလေးနဲ့ ပေးထားတာပါ၊ ရေဗက္ကဂီတသက်တမ်းဆယ့်လေးနှစ်ရှိပါပြီ၊ တစ်ခါမှ တစ်ကိုယ်တော်ခွေ မထွက်ဖူးပါဘူး၊ အတွဲခွေထဲမှာပဲပါဝင်ခဲ့တယ်၊ အဲဒါကြောင့် ပထမဆုံးတစ်ကိုယ်တော်အယ်လ်ဘမ်အနေနဲ့ ကိုယ့်လူမျိုးရဲ့ ဂီတ၊ စာပေ၊ ယဉ်ကျေးမှုပုံစံအရာအားလုံးကို ကျွန်တဲ့ တိုင်းရင်းသားတွေ အားလုံးနဲ့ မျှဝေခံစားချင်တာကြောင့်လုပ်ဖြစ် ခဲ့တာပါ၊ ရေဗက္ကဖြတ်သန်းခဲ့တဲ့ ၁၄ နှစ်တာအငွေ့အသက်တွေ ဒီ အခွေထဲမှာ တွေ့မြင်ရမှာပါ" ဟု ယင်းကဆိုသည်။

၎င်းအနေဖြင့် အဆိုပါ အယ်လ်ဘမ်ကို အကျိုးအမြတ် အတွက် ရည်ရွယ်ထုတ်လုပ်ခဲ့ခြင်းမျိုးမဟုတ်ဘဲ ပရိသတ်ဆီမှ ချစ်ခြင်းမေတ္တာရရှိရန်သာမျှော်လင့်မိကြောင်း တေးသံရှင် ရေဗက္ကဝင်းက ထပ်မံပြောဆိုသည်။ "ရေဗက္က ဒီအခွေလေးကို အကျိုးအမြတ်အတွက်လုပ်ခဲ့တာမဟုတ်ပါဘူး၊ ရေဗက္ကဖြစ်ချင်တဲ့ ဆန္ဒလေးတစ်ခုကို အကောင်အထည်ဖော်ပြီး ပရိသတ်ကို ပေးဆပ်ချင်တဲ့စိတ်နဲ့ လုပ်ထားတာဖြစ်တဲ့အတွက် ပရိသတ်ဆီက ပြန်လိုချင်တဲ့အရာကတော့ ချစ်ခင်အားပေးမှုနဲ့ အသိအမှတ်ပြုမှုပါပဲ"ဟု ပြောသည်။ ကချင်ဘာသာစကားဖြင့် သီဆိုထားသည့် "ru" အယ်လ်ဘမ်တွင် ကချင်တေးရေးဆရာများရေးသားပေးထားသည့် တေးသီချင်းစုစုပေါင်း ၁၁ ပုဒ် ပါဝင်ကာ ယခုလ ၁၂ ရက်က MTV အနေဖြင့် ထွက်ရှိထားကြောင်း သိရသည်။


# ဒုတိယတစ်ကိုယ်တော်အယ်လ်ဘမ်မှာ ဂီတပုံစံပြောင်းလဲသီဆိုထားတယ်ဆိုတဲ့ ဝိုင်းလေး

တေးသံရှင် ဝိုင်းလေးရဲ့ ဒုတိယမြောက်တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ "ဝိုင်း"အမည်ရှိ တေးအယ်လ်ဘမ် မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းပေါ်ရှိ Orchid Hotel မှာ ပြုလုပ်ခဲ့ပါတယ်။

ဒီအယ်လ်ဘမ်နဲ့ ပတ်သက်ပြီး တေးသံရှင်ဝိုင်းလေးက "ဒီခွေလေးကဝိုင်းလေးရဲ့ ဒုတိယမြောက်စီးရီးပါ၊ ဂီတပုံစံရော၊ သီချင်းအကြောင်းအရာတွေရော ပထမခွေနဲ့ မတူပါဘူး။ ပထမအခွေတုန်းက မိန်းကလေးဆန်တဲ့ အချစ် သီချင်းလေးတွေ ဆိုဖြစ်ခဲ့တယ်၊ ဒီအခွေမှာကမိန်းကလေးဆန်ဆန်လေးတွေတော့မဟုတ်ဘူးဆိုတဲ့ အပိုင်းမှာလည်း သာမန်အချစ်သီချင်းတွေဆိုတာထက်စာရင်အသံပိုင်းကို ပိုပြီးအားကောင်း အောင်ဆိုထားပါတယ်၊ လှုပ်လို့ကောင်းမယ့် သီချင်းလေးတွေလည်း ထည့်ထားပါတယ်၊ ဒီအခွေအတွက် ဝိုင်းလေး သေချာအချိန်ယူ ပြင်ဆင်ထားတာဖြစ်တဲ့အတွက် ပရိသတ်တွေ အားပေးကြမယ်လို့ မျှော်လင့်ပါတယ်" လို့ ဝိုင်းလေးက ပြောပါတယ်။ သီချင်းစုစုပေါင်း ၁၀ ပုဒ်ပါဝင်တဲ့ ဒီအယ်လ်ဘမ်မှာတေးရေးတွေအနေနဲ့ ဝေကြီး၊ ဆလိုင်း၊ ကျားပေါက်နဲ့ ဝိုင်းလေး ကိုယ်တိုင်လည်း ရေးသား ထားတယ်လို့သိရပါတယ်။ ဒီအခွေကိုတော့ ယခုလ ၁၇ ရက်မှစပြီး ဘိုဘိုတေး ထုတ်လုပ်ရေးကနေ ဖြန့်ချိပေးသွားမှာပဲဖြစ်ပါတယ်။



ငွေးမမ စုစည်းသည်။




# ပြည်တွင်းမိုဘိုင်းဈေးကွက်သို့ TECNO အမှတ်တံဆိပ် စမတ်ဖုန်းများ စတင်ဝင်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

တရုတ်နိုင်ငံအခြေစိုက် Transsion Holdings ကုမ္ပဏီမှ ထုတ်လုပ်သော TECNO အမှတ်တံဆိပ် စမတ်ဖုန်းများအား ပြည်တွင်းဈေးကွက်အတွင်း ပထမဆုံးစတင်မိတ်ဆက်သည့် အခမ်းအနားကို ရန်ကုန်မြို့ Novotel ဟိုတယ်၌ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၅ နာရီခန့်မှ စတင်ကျင်းပခဲ့သည်။ အဆိုပါ စမတ်ဖုန်းများကို မြန်မာနိုင်ငံအတွင်း အသုံးပြုသူများအတွက် သင့်တင့်သည့်ဈေးနှုန်း၊ လူတိုင်းနီးပါး ဝယ်ယူအသုံးပြုနိုင်ရန်နှင့် လုပ်ဆောင်ချက်နှင့် ကင်မရာ စွမ်းဆောင်ရည်ပိုင်းများကိုလည်း အခြားဖုန်းများထက် မနိမ့်ကျစေရန် ရည်ရွယ်ထုတ်လုပ်ထားသည်ဟုသိရသည်။

"TECNO Mobile အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ သုံးစွဲသူများအတွက် နည်းပညာပိုင်း၊ စွမ်းဆောင်ရည်ပိုင်းနှင့် ဓာတ်ပုံ ရိုက်ကူးမှု အပိုင်းများတွင် တစ်မူထူးခြားသည့် စမတ်ဖုန်းများကိုထုတ်လုပ်ရောင်းချပေးလျက်ရှိပြီး ဆန်းသစ်သည့် အတွေ့အကြုံများကို ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်" ဟု TECNO Mobile ၏ GM ဖြစ်သူ Mr.Stephen HA က ပြောကြားခဲ့သည်။ အခြားသော စမတ်ဖုန်းထုတ်လုပ်သူများအနေဖြင့် ယင်းတို့၏ ထုတ်ကုန်များကို ထူးခြားဆန်းသစ်သည့် နည်းပညာများထည့်သွင်းပြီး လူကြိုက်များအောင် ကြိုးစားဆောင်ရွက်လျက်ရှိသလို TECNO Mobile အနေဖြင့်လည်း သုံးစွဲသူများ၏ လိုအပ်ချက်များကို မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်အောင် ထုတ်လုပ်ရောင်းချပေးသွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားတွင် TECNO အမှတ်တံဆိပ် စမတ်ဖုန်းလေးမျိုးကို မိတ်ဆက်ပေးသွားပြီး ပထမအမျိုးအစား CAMON CM အမျိုးအစားမှာ ဘေးပေါင်မဲ့မျက်နှာပြင်ပြည့် ဒီဇိုင်းပုံစံဖြင့် ဖန်တီးထားပြီး လုပ်ဆောင်ချက်များ ပြိုင်တူပြုလုပ်ခြင်းကို လွယ်ကူလျင်မြန်စေကာ ခလုတ်တစ်ချက်ထိရုံဖြင့် Split-Screen ပြုလုပ်၍ လုပ်ဆောင်ချက် နှစ်ခုပြိုင်တူပြုလုပ်နိုင်မည်ဖြစ်သည်။ အရှေ့ဘက်ကင်မရာ 13MP ပါဝင်ပြီး ညအချိန်နှင့် အလင်းရောင်နည်းပါးသည့် အခြေအနေမျိုးတွင် ဓာတ်ပုံများကို ကြည်လင်ပြတ်သားစွာရိုက်ကူးနိုင်မည်ဖြစ်သည်။

ဒုတိယအမျိုးအစားမှာ SPARK CM စမတ်ဖုန်းဖြစ်ပြီး အရှေ့ဘက်ကင်မရာ 13MP Auto-Focus ဖြစ်ပြီး လက်ဗွေလုံခြုံရေးစနစ်၊ ၅ ဒသမ ၇ လက်မအရွယ် HD မျက်နှာပြင်နှင့် ထူးခြားချက်မှာ Mix Flash လုပ်ဆောင်ချက်ပါဝင်ပြီး ဓာတ်ပုံရိုက်ကူးရာတွင် အလင်းအားအကောင်းဆုံးရရှိရန် ကင်မရာ၏ LED Flash နှင့် မျက်နှာပြင်မှအလင်းရောင်တို့ကို ပြိုင်တူပေးစွမ်းနိုင်သည့် လုပ်ဆောင်ချက်ပါဝင်သည်။ ထို့အပြင် ဗီဒီယိုဖုန်းခေါ်ဆိုမှုပြုလုပ်ရာတွင် အလင်းရောင်နည်းပါးသည့် နေရာများအတွက် လုံလောက်သည့်အလင်းရောင်ရရှိစေနိုင်သည့် လုပ်ဆောင်ချက်လည်းပါဝင်သည်။ ပထမအမျိုးအစားနှင့် ဒုတိယအမျိုးအစား စမတ်ဖုန်းနှစ်မျိုးလုံးတွင် ကျောဘက်တွင်သာမက အရှေ့ဘက်တွင်လည်း အလင်းအားကောင်းသည့် LED Flash များ တပ်ဆင်ပေးထားကြောင်းသိရသည်။

တတိယအမျိုးအစားနှင့် စတုတ္ထအမျိုးအစားတို့ကိုလည်း မိတ်ဆက်ပြသပေးသွားခဲ့ပြီး ပထမအမျိုးအစား CAMON CM ကို မြန်မာငွေကျပ် ၁၉၉၀၀၀၊ ဒုတိအမျိုးအစား SPARK CM ကို ကျပ် ၁၆၉၀၀၀၊ တတိယအမျိုးအစား SPARK ကို ကျပ် ၁၂၉၀၀၀၊ စတုတ္ထအမျိုးအစား WX4 ကို ဈေးအသက်သာဆုံး ကျပ် ၁၀၉၀၀၀ ဖြင့် ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကင်မရာ အသားပေးစမတ်ဖုန်းများဘက်ကို ဦးတည်နေကြတဲ့ ခေတ်ရေစီးကြောင်းနဲ့ အခုလို လုပ်ဆောင်ချက်ကော ကင်မရာပိုင်းပါ ကောင်းမွန်တဲ့စမတ်ဖုန်းများကို ထုတ်လုပ်ရောင်းချသွားခြင်းဖြစ်ပါတယ်။ သုံးစွဲသူအကြိုက်ကို နားလည် သဘောပေါက်ထားပြီး စိတ်ကျေနပ်မှုအပြည့်အဝရရှိအောင် ကြိုးစားသွားမှာဖြစ်ပါတယ်" ဟု Mr.Stephen Ha မှ ထပ်မံပြောကြားခဲ့သည်။

ALEX

# နည်းပညာဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ကော့ကရိတ် ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နည်းပညာဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉နာရီခွဲက အဆိုပါရုံး၏ Community Centre ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြည်သူများ သိသင့်သိထိုက်သော သတင်းအမှန်များကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ ပြန်ကြားပေးနိုင်ရေးအတွက် မိမိတို့ကျရာဒေသမှ သတင်းများကို သတင်းဌာနများသို့ ပေးပို့ရာတွင် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ကော့ကရိတ်ခရိုင်အတွင်းရှိ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့၊ ကျိုက်ဒုံမြို့ရုံးမှ ဝန်ထမ်း ၁၄ ဦးတက်ရောက်ခဲ့ပြီး သင်တန်းအား ရုံးချုပ်မှ သင်တန်းတက်ရောက်ပြီးစီးသည့် ဝန်ထမ်းများမှ ကျွမ်းကျင်စွာ တတ်မြောက်သည် အထိ ဖုန်းဖြင့်သတင်းပေးပို့ခြင်း၊ Computer ဖြင့် သတင်းပေးပို့ခြင်းများကို သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးထက်အောင်(ကော့ကရိတ်)**



# မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကလေးများအတွက် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ဆိပ်ကြီးခနောင်တို ဖေဖော်ဝါရီ ၂၇**

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူကလေးငယ်များ နွေရာသီကျောင်းပိတ်ရက်တွင် မြို့နယ်ပြည်သူ့စာကြည့်တိုက်ကို အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ကလေးများဉာဏ်ရည်ဉာဏ်သွေးတိုးတက်လာစေရန်ရည်ရွယ်၍ ကလေးများအတွက် ပျော်ရွှင်စရာဆေးရောင်ခြယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၀ နာရီမှစ၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်းတွင်ပြုလုပ်ခဲ့သည်။

အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲသို့သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ၂၇ ဦး က အဖွဲ့လေးဖွဲ့ခွဲ၍ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆေးရောင်ခြယ်ပြိုင်ပွဲသို့ကျောင်းသားမိဘများလည်း လာရောက်အားပေးကြည့်ရှုခဲ့ကြပြီး ဆုရရှိသည့် ကလေးများအား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် ဝန်ထမ်းများကဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။ **ဝေယံ(ဆိပ်ကြီးခနောင်တို)**

# တာချီလိတ်ခရိုင်ဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ နှင့် မီးလောင်ဒဏ်ရာလူနာများအား အခမဲ့ ခွဲစိတ်ကုသပေး

**တာချီလိတ် ဖေဖော်ဝါရီ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့ မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပရဟိတအဖွဲ့များမှ ပူးပေါင်း၍ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီးများက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ မီးလောင်ဒဏ်ရာ လူနာများအား အခမဲ့ခွဲစိတ်ကုသခြင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျာမနီနိုင်ငံမှ အထူးကု ဆရာဝန်ကြီး Dr.Heinz Schoeneich က လာရောက်ကုသပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် မြို့မိမြို့ဖများနှင့် လူနာများကိုယ်စား တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံမှ အထူးကုဆရာဝန်ကြီးများ၊ တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက လူနာများအား စတင်ခွဲစိတ်ကုသပေးသည်။



နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာလူနာများအား မတ် ၇ ရက်အထိ ၁၀ ရက်ကြာ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ရာ တာချီလိတ်မြို့နယ်မှ ၇၀၊ မိုင်းဖြတ်မြို့နယ်မှ ၃၁ ဦး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်မှ ၅၃ ဦး စုစုပေါင်း ၁၅၄ ဦး စာရင်းရှိပြီး လူနာများနှင့် လူနာစောင့်များ တည်းခိုနေထိုင် စားသောက်ရေး အဆင်ပြေရန် ဂေါ်ရခါးမဂ္ဂရိပ်သာဓမ္မာရုံတွင် စီစဉ်ပေးထားကာ မင်မင်ကုန်စုံဆိုင်၊ မန်းမန်းစတိုး၊ ယုံကြည်စတိုး၊ ကျုံးကုန်ဆုံဆိုင်နှင့် မန်းမန်းဆေးဆိုင် မောင်နှမတစ်စုမှ ထိုင်းဘတ်ငွေ တစ်သိန်း၊ ကျောက်စိမ်းကန်မွေးမြူရေးလုပ်ငန်းနှင့် ရွှေသရဖူမိနီမတ် မိသားစုမှ ထိုင်းဘတ်ငွေ ၂၅၀၀၀၊ ဦးမြင့်ဦး (မုတ်ဆိတ်)နှင့်ဒေါ်နန်းသောင်း မိသားစုမှ ထိုင်းဘတ်ငွေ ၅၀၀၀၊ ဦးကျော်နန္ဒ(မြို့နယ်မြေစာရင်း ဦးစီးမှူး)နှင့် ဒေါ်သန္တာမြင့် မိသားစုမှ ထိုင်းဘတ်ငွေ ၃၀၀၀ ပါဝင်ကူညီထောက်ပံ့ပေးသည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် မီးလောင်ဒဏ်ရာလူနာများကို အခမဲ့ခွဲစိတ်ကုသနိုင်ရေး ဌာနဆိုင်ရာများ၊ မဖျိမလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ နိုင်ငံရေးပါတီများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး လည်ပင်းကြီးလူနာ ၁၇ ဦးအား သွေးသုံးမျိုးစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်သင်္ဂဟလူမှုကူညီရေးအသင်း၊မိုင်းဖြတ်မြို့နယ်လူမှုကူညီရေးအသင်း၊ တာချီလိတ်မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များက ကုန်ကျစရိတ် ကူညီကျခံပြီး ကျန်ခွဲစိတ်လူနာများအား ခရိုင်ပြည်သူ့ဆေးရုံကြီးမှ အခမဲ့သွေးစစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ဈေးဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၇**

ပွင့်ဖြူမြို့မဈေးအနီး သန့်စင်လမ်း လမ်းဘေးဝဲယာ အုတ်ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဆက်၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများအဖွဲ့က ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လုပ်ငန်းဆောင်ရွက်နေမှုအပေါ် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပွင့်ဖြူမြို့မဈေးအနီး သန့်စင်လမ်း လမ်းဘေးဝဲယာ အုတ်ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အုတ်ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပါက မိုးရာသီကာလများတွင် ရေစီးရေလာကောင်းမွန်ပြီး မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေမည့်အပြင် ဒေသခံပြည်သူများအတွက် ကျန်းမာရေးဆိုင်ရာများကိုများစွာ အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအနေဖြင့် ယခုဆောင်ရွက်နေသည့် သန့်စင်လမ်း လမ်းဘေးဝဲယာ အုတ်ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုချထားရန်ပုံငွေများဖြင့် အများပြည်သူ သွားလာအသုံးပြုနေသည့် သန့်စင်လမ်းအား ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်ရေးအတွက် လမ်းဘေးဝဲယာ တစ်ဖက်လျှင် လမ်းပခုံးအကျယ် လေးပေစီ ကတ္တရာလမ်း တိုးချဲ့ ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆက်လက် လုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စည်ပင် သာယာရေးအဖွဲ့ရုံးမှ အမှုဆောင်အရာရှိ ဦးမျိုးဝင်း၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## အိန္ဒူ–ကော့ကရိတ်လမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းမှ နစ်နာသူများအား ဒုတိယအကြိမ် မြေယာ၊ သီးနှံ လျော်ကြေးပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၂၇**

မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အိန္ဒူ–ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ ဦးစားပေးလမ်းပိုင်းများရှိ ထိခိုက်နစ်နာသူများအား ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီက ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ကန်သာဦး ခန်းမ၌ ဒုတိယအကြိမ် မြေယာ၊ သီးနှံလျော်ကြေး ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ထိခိုက်နစ်နာသူပုဂ္ဂိုလ်တစ်ဦးချင်းစီအား လျော်ကြေးငွေများပေးအပ်ရာ ကျေးရွာအုပ်စု ၅ အုပ်စုမှ အိမ်ထောင်စု ၉၆ စုနှင့် အများပြည်သူပိုင်နေရာ ခုနစ်နေရာတို့အတွက် မြေယာ၊ သီးနှံလျော်ကြေးများ ပေးအပ်ခဲ့ကြသည်။

အဆိုပါလမ်းပိုင်းကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀၊ အာဆီယံအခြေခံ အဆောက်အအုံရန်ပုံငွေ ချေးငွေဒေါ်လာသန်း ၂၀၊ နိုင်ငံတော်အစိုးရမှ ဒေါ်လာ ၁ ဒသမ ၈သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၁ ဒသမ ၈ သန်း အကုန်အကျခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ရာ လမ်းဘေးဝဲယာ တစ်လျှောက်နေထိုင်ကြသည့် ဘားအံမြို့နယ်မှ လွန်းည၊ ကော့ကဒါ၊ သာယာကုန်း၊ နောင်ကုန်း၊ ခရဲကမ်းနား၊ ကျုံစောင့်၊ ဂျိုင်းကျေးရွာများ၊ ကော့ကရိတ်မြို့နယ်မှ ကျုံဒိုး၊ ဒေါ့ဖျာ၊ နွားခြံကုန်း၊ ငါးတိုင်၊ ခုနစ်တိုင်၊ တံတားကျိုး၊ ရေကျော်ကြီး၊ လှိုင်ဝကျေးရွာတို့မှ ထိခိုက်နစ်နာသူများအား ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် ပထမအကြိမ်လျော်ကြေးပေးသည့်အနေဖြင့် လူနေအိမ်ခြံမြေ ၁၂၅၉၆ ဒသမ ၃၆ စတုရန်းပေ၊ လယ်မြေ ၂ ဒသမ ၀၁၉၃ ဧကနှင့် ဥယျာဉ်ခြံမြေ သုည ဒသမ ၂၈၉၂ ဧကတို့အတွက် လျော်ကြေးငွေကျပ် ၆၇၆ သန်းအားပေးအပ်ခဲ့ပြီး ယင်းနေ့တွင် ဒုတိယအကြိမ်အနေဖြင့် လူနေအိမ်ခြံမြေ ၆၁၁၆၃ ဒသမ ၀၉၄၃ စတုရန်းပေ၊ လယ်မြေ ၁ ဒသမ ၂၉၉၁ ဧကနှင့် ဥယျာဉ်ခြံမြေ ၁ ဒသမ ၉၈၉၇ ဧကတို့အတွက် လျော်ကြေးငွေ ၁၁၁၅ သန်း စုစုပေါင်း လျော်ကြေးငွေ ကျပ် ၁၇၉၁ သန်းကို ပေးအပ်ပြီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပိုင်းသည် အိန္ဒူကျေးရွာမှ ကော့ကရိတ် လှိုင်ဝတံတားထိ (၆၆ ဒသမ ၄ကီလိုမီတာ) ရှိပြီး ယာဉ်အမျိုးမျိုးအတွက်သင့်လျော်သော ၁၀ မီတာအကျယ်ရှိ နှစ်လမ်းသွား ကတ္တရာကွန်ကရစ်လမ်းမကြီးကို (RC) တံတား ၁၉ စင်း၊ Box Culvert ၇၈ စင်း၊ Pipe Culvert ၁၄ စင်းတို့ဖြင့် အာဆီယံစံချိန်စံနှုန်းနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဆလုံတိုင်းရင်းသားများ ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုင်းဒေသကြီးဝန်ကြီး ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း ဖေဖော်ဝါရီ ၂၇**

တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု ညောင်ဝိကျေးရွာ၊ ဂျအုန်းကျေးရွာ၊ ဂျလန်းကျေးရွာနှင့် မကြုံဂလက်ကျေးရွာများရှိ ဆလုံတိုင်းရင်းသားများအားတွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာသည် တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်မေအောင်၊ ဌာနဆိုင်များမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၄ ရက်က ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စုရှိ ညောင်ဝိကျေးရွာနှင့် ဂျအုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဂျလန်းကျေးရွာနှင့် မကြုံဂလက်ကျေးရွာတို့သို့ရောက်ရှိပြီး ဒေသခံဆလုံတိုင်းရင်းသားများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံတိုင်းရင်းသားပြည်သူများအတွင်း အသက်မွေးမှုလုပ်ငန်းတွင် ပင်လယ်လုပ်ငန်းအပြင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများစိတ်ပါဝင်စားလာကြရေး၊ စိုက်ပျိုးမြေများဖော်ထုတ် လုပ်ကိုင်ကြရေး၊ ကျေးရွာများအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပင်လယ်ကျွန်းများတွင်တိုးချဲ့လုပ်ကိုင်လာကြသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းစီမံကိန်းများ၊ ပုလဲမွေးမြူရေးလုပ်ငန်းများနှင့် ကမ်းဝေးငါးဖမ်းလုပ်ငန်းများကြောင့် ဒေသခံဆလုံလူမျိုးများဝမ်းစာရှာဖွေလုပ်ကိုင်မှုနှင့် ဘဝရပ်တည်နေထိုင်မှု၊ ပင်လယ်စားကျက်၊ ကျေးရွာနယ်နိမိတ် အခက်အခဲများမဖြစ်ပေါ်ရေး မှာကြားပြီး ဒေသခံ ဆလုံတိုင်းရင်းသားများအတွက် စားသုံးဆန်နှင့် ရိုးရာဓလေ့ နတ်ပူဇော်ပွဲကျင်းပနိုင်ရေးအလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဌာနဆိုင်ရာအဖွဲ့ဝင်များက စာတတ်မြောက်ခြင်းဖြင့်လူနေမှုဘဝများမြင့်မားလာရန်၊ ဆလုံတိုင်းရင်းသား ကလေးငယ်များ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ကြားတတ်မြောက်နိုင်ရေး၊ ကျေးရွာလမ်းများကောင်းမွန်ရေး၊ လျှပ်စစ်မီးနှင့်ရေရရှိရေး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း အသုံးပြုကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးလာရေးစသည့် လိုအပ်ချက်များအား တင်ပြကြရာ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မူးယစ်ကာကွယ်ရေးစီမံချက်ရေးဆွဲခြင်းအလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၇**

ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အဆင့် မူးယစ်ကာကွယ်ရေးစီမံချက် ရေးဆွဲခြင်းအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့သီတာရပ်ကွက်ရှိ မူးယစ်ဆေးစွဲရောဂါကုဆေးရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့ဒုတိယဥက္ကဋ္ဌ(၁)၊ ကချင်ပြည်နယ် ဥပဒေချုပ် ဦးဒီဆင်ရမ်က အဖွင့်နှုတ်ခွန်းဆက်၍ ပြည်နယ်အဆင့် မူးယစ်ကာကွယ်ရေးစီမံချက် ရေးဆွဲခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်း ပြောကြားကာ မူးယစ်ဆေးစွဲရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာတင့်နိုင်က ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးစွဲရောဂါကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း(SARA)မှ ဒေသညှိနှိုင်းရေးမှူး ဒေါက်ထာထွန်းထွန်းဘရမ်က စီမံချက်ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကာ တက်ရောက်လာသူများက စီမံချက်ရေးဆွဲရာ၌ အမှန်တကယ် ဆောင်ရွက်နိုင်ပြီး ထိရောက်သည့် စီမံချက်ဖြစ်ပေါ်စေရေး၊ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ ကျန်းမာရေး၊ပညာရေး အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**




## မမက်ခဲ့တဲ့ အိပ်မက်တွေ ဖမ်းဆုပ်နိုင်တဲ့ စီရိုနယ်လ်ဒို

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဆိုတာ မက်ဆီနဲ့အပြိုင် ဘောလုံးသမိုင်းမှာ ကမ္ဘာ့အကောင်းဆုံးတွေထဲမှာတောင် ထိပ်ဆုံးက ရှိနေမယ့် အကောင်းဆုံး တစ်ယောက်ပါ။ ဒါပေမယ့် သူက အိမ်မှာဆိုရင် သူ့မိတ်ဆွေတွေကန်တဲ့ ဒါဘီလို ပွဲကြီးပွဲကောင်းတွေတောင် သိပ်မကြည့်ဖြစ်ဘဲ ဖျော်ဖြေမှုပေးသလို ဗဟုသုတရစေတဲ့ ရုပ်သံအစီအစဉ်တွေကို ကြည့်လေ့ရှိတယ်လို့ အံ့အားသင့် ဖွယ်ဆိုခဲ့သလို အဲဒီအစား ပဲရစ်၊ လန်ဒန်တို့ဘောလုံးနဲ့ ပတ်သက်ပြီး နောက်ထပ် အံ့အားသင့်စရာတစ်ချက်ကိုလည်း ထုတ်ဖော်ပြောကြားလိုက်ပါသေးတယ်။

စီရိုနယ်လ်ဒိုက သူရဲ့ ငယ်ဘဝ သူရဲကောင်းတွေဟာ ရူအီကော်စတာ၊ ဖီဂိုတို့ဖြစ်တယ်လို့ ပြောကြားထားဖူးပေမယ့် ဒီပေါ်တူဂီကစားသမားတွေတောင် မကိုင်မြှောက်ဖူးတဲ့ ယူရိုဖလားကို ကိုင်မြှောက်ခဲ့ဖူးပြီဖြစ်သလို ဘလွန်းဒီအောဆု၊ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုစတဲ့ တစ်ဦးချင်းထူးချွန်ဆုတွေကိုလည်း အကြိမ်ကြိမ် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

သူဟာ လက်ရှိမှာ မက်ဆီနဲ့အပြိုင် ဘလွန်းဒီအောဆုကို ငါးကြိမ်အထိ ရယူထားနိုင်တဲ့ ကစားသမားဖြစ်ပေမယ့် သူ့ကိုယ်သူတောင် ဒီလို ဘလွန်းဒီအောဆု ငါးကြိမ်ရတဲ့သူဖြစ်လာမယ်ဆိုတဲ့ အိပ်မက်မျိုး မမက်ခဲ့ဖူးဘူးလို့ ထုတ်ဖော်ပြောကြားလိုက်တာပါ။

သူက "ရိုးရိုးသားသား ဆိုရရင် ကျွန်တော်မက်ခဲ့သမျှ အိပ်မက်တွေက အကုန်ဖြစ်လာတာပါ၊ ဒါပေမယ့် ဘလွန်းဒီအောဆု ငါးကြိမ် ရရှိမယ်ဆိုတဲ့ အိပ်မက်တော့ တစ်ခါမှ မမက်ဖူးပါဘူး" လို့ ဘရာဇီး You Tube ရုပ်သံတစ်ခု ဖြစ်တဲ့ ဒက်ဆင်ပီဒီအော့စ်နဲ့ အင်တာဗျူးမှာ ပြောခဲ့တာပါ။ ဒါပေမယ့် စီရိုနယ်လ်ဒို က ဘလွန်းဒီအောဆုကို နောက်နှစ်မှာလည်း ဆက်ရဖို့ မျှော်လင့်နေပြီး ဒီအတွက် ဆိုရင် ကမ္ဘာ့ဖလား ၊ ဒါမှမဟုတ် ချန်ပီယံလိဂ်ဖလားဆွတ်ခူးဖို့ လိုတယ်လို့ လည်း မှတ်ချက်ပြုခဲ့ပါသေးတယ်။

စီရိုနယ်လ်ဒို ဟာ သူမမက်ဖူးခဲ့တဲ့ အိပ်မက်ဆန်တဲ့ဘဝကို ပိုင်ဆိုင်ထားတာ တောင် နောက်ထပ် ဘလွန်းဒီအောဆုကို ဆက်လက် ဆွတ်ခူးလိုတယ်လို့ ဆိုခဲ့ သလို အင်တာဗျူးတစ်ခုမှာလည်း သူ့ရဲ့ ပုဂ္ဂိုလ်ရေးရည်မှန်းချက်က ဘလွန်း ဒီအောဆု ခုနစ်ကြိမ်နဲ့ ကလေးခုနစ်ဦး ပိုင်ဆိုင်ရေး ဖြစ်တယ်လို့ ကျောနံပါတ် (၇) ပိုင်ရှင် စီရိုနယ်လ်ဒိုက ပြောကြားခဲ့ဖူးသူပါ။

## ယူ-၁၀ အသင်းအဖြစ် ဝေဖန်ခံနေရတဲ့ အာဆင်နယ်

ဖေဖော်ဝါရီ ၂၅ရက် ညပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ကာရာဘာရိုဖလားပြိုင်ပွဲမှာ အာဆင်နယ်က မန်စီးတီးကို သုံးဂိုးပြတ်နဲ့ မရှုမလှ အရေးနိမ့်သွားခဲ့ပါတယ်။ အာဆင်နယ်အနေနဲ့ ရှေ့နောက်အလယ်၊ ဂိုးသမားနေရာအဆုံး ဘယ်နေရာမှ မန်စီးတီးကို ယှဉ်ကစားနိုင်ခြင်းမရှိသလို ကစားသမားတွေရဲ့ အောင်မြင်မှု အပေါ် ဆာလောင်မှု နည်းပါးနေတဲ့ စိတ်ဓာတ်ပိုင်းကြောင့်လည်း ယခုလောက် အထိဂိုးပြတ်သွားခဲ့ရတာပါ။

ဒီပွဲမကစားခင် မန်စီးတီးက ဗိုလ်စွဲဖို့ သိသိသာသာ ရေပန်းစားခဲ့တာတောင် အာဆင်နယ်ပရိသတ်တွေကတော့ မနှစ်က အက်ဖ်အေဖလားဗိုလ်လုပွဲလိုမျိုး အာဆင်နယ် တစ်ခုခု လုပ်ပြနိုင်ဦးမယ်ဆိုတဲ့ မျှော်လင့်ချက်ကလည်း တစ်ဖက် မှာ ရှိခဲ့ပေမယ့် တကယ်ကစားချိန်ကျမှ မန်စီးတီးက အာဆင်နယ်ကို တစ်ဖက် သတ်ဖိကစားပြီး လွယ်လွယ်ကူကူပဲ အနိုင်ယူပြလိုက်ချိန်မှာတော့ ပရိသတ်တွေ ရဲ့ ဝေဖန်သံတွေဟာ တွစ်တာလို လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ပွက် လောရိုက်နေပါတယ်။ ဝင်းဂါးအနေနဲ့ ပွဲကိုကြည့်နေရင်း လျှပ်စစ်ခုံပေါ်မှာ သေဒဏ်ပေးခံထားရတဲ့ လူတစ်ဦးထိုင်နေသလို ဖြစ်နေတယ်စတဲ့ ကြမ်းတမ်း လှတဲ့ ခိုင်းနှိုင်းမှုတွေလည်း မြင်တွေ့ခဲ့ရပါတယ်။

ဒေါသထွက်နေတဲ့ အာဆင်နယ်ပရိသတ်တွေက ဝင်းဂါးကို အသင်းက ထုတ်ပယ်သင့်ပြီ၊အာဆင်နယ်ကလည်း ယူ-၁၀ အသင်းလောက်ပဲ စွမ်းဆောင် ရည်ရှိခဲ့ပြီး ကလေးနဲ့ လူကြီးကစားတဲ့ပွဲလို မမျှမတဖြစ်နေတယ်ဆိုတဲ့ ရေးသား မှုတွေဟာ ပရိသတ်တွေရဲ့ မချိတင်ကဲ ခံစားချက်တွေကို ရုပ်လုံးဖော်ပေးနိုင်ခဲ့ပါ တယ်။

အာဆင်နယ်ပရိသတ်ကလေးငယ်တစ်ဦး ပွဲကြည့်စင်ပေါ်မှာ ပွဲကို ကြည့် နေရင်း ဝမ်းနည်းလာပြီး မျက်ရည်တွေ စီးကျလာတဲ့ မြင်ကွင်းဟာ အားကစား ဝက်ဘ်ဆိုက်တွေကြား ပျံ့နှံ့လို့နေသလို အားကစားရေးရာ သုံးသပ်သူတွေ က ဒါဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာတဲ့ အာဆင်နယ်ရဲ့ ရုပ်လုံးအမှန် ကို ပြသရာရောက်တယ်စသဖြင့်စသဖြင့်။ အာဆင်နယ်အနေနဲ့ လက်ရှိအချိန် မှာ မြို့ခံပြိုင်ဘက်စပါးရဲ့ ရပ်တည်မှုကိုတောင် လိုက်မမီတော့ဘဲ မြောက်လန်ဒန် မှာစပါးက အာဆင်နယ်ထက် အရှိန်အဝါပိုရှိလာပြီဆိုတဲ့ စပါးပရိသတ်တွေ ရဲ့ ဂုဏ်ယူသံတွေဟာလည်း အရင်က စင်ပေါ်မှာနေခဲ့တဲ့ အာဆင်နယ် ပရိသတ်တွေအတွက်တော့ "အနာပေါ် တုတ်ကျ" ဖြစ်စေခဲ့ပါတယ်။

## ချယ်လ်ဆီးကို အနိုင်ယူပြီး ပေါ့ဘာရဲ့ အောင်ပွဲခံနည်း

မန်ယူက ချယ်လ်ဆီးကို အိုးထရက်ဖို့ဒ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူ နိုင်ခဲ့ပြီးနောက် မန်ယူစူပါစတား ပေါ့ဘာရဲ့ အောင်ပွဲခံမှုကတော့ ဆံပင် ပုံစံ အသစ်ညှပ်ခြင်းအားဖြင့်ပါ။ ပေါ့ဘာက ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း မန်ယူ နည်းပြ မော်ရင်ဟိုနဲ့ ပြေလည်မှု မရှိခဲ့ဘူးဆိုတဲ့ သတင်းတွေ ထွက်ခဲ့သလို မန်ယူ အသင်းရဲ့ ပွဲထွက်စာရင်းမှာလည်း ပါဝင်လာခြင်းမရှိခဲ့တာကြောင့် ဒါဟာ တိုက် ဆိုင်မှုရှိရုံကြောင့် ထွက်လာတဲ့ ကောလာဟလ သက်သက်တော့ မဟုတ်ခဲ့ ပါဘူး။

ဒါပေမယ့် ချယ်လ်ဆီးကို အနိုင်ယူခဲ့တဲ့ပွဲမှာ ပေါ့ဘာ ပြန်လည်ပါဝင်လာခဲ့ သလို ခြေစွမ်းလည်း အတော့်ကို ကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ပေါ့ဘာ ဟာ ဒီပွဲပြီး နာရီပိုင်းအတွင်းမှာပဲ ဆံသဆရာဆီသွား ဆံပင်ပုံစံအသစ် ညှပ်ခဲ့ကာ အင်စတာဂရမ်ပေါ်မှာ ပုံတင်ခဲ့တာဖြစ်ပါတယ်။ သူဟာ ဂျူဗင်တပ် ကနေ အသင်းဟောင်း မန်ယူကို ပြန်လာပြီး သွင်းဂိုး ၁၂ ဂိုးသွင်းယူထားနိုင် ချိန်မှာ ဆံပင်ပုံစံအကြိမ် ၂၀ ပြောင်းလဲခဲ့ပြီးဖြစ်တာကြောင့်လည်း ပေါ့ဘာဟာ မန်ယူမှာ ဂိုးသွင်းဖို့ဆိုတာထက် ဆံပင်ပုံစံအမျိုးမျိုးပြောင်းလဲဖို့သာ ပိုစိတ် ဝင်စားနေတယ်လို့ The Sun သတင်းဌာနကဖော်ပြခဲ့တာဖြစ်ပါတယ်။

## မန်စီးတီးရဲ့ အမြွှာညီနောင်

မန်စီးတီးပရိသတ်တွေဟာ သူ့ကို မြင်ရင် အသင်းရဲ့ စူပါစတားကစားသမား ကီဗင်ဒီဘရိုင်းနဲ့ မှားယွင်းတတ်ကြပေမယ့် သူက ပိုကြည့်ကောင်းပါတယ်လို့ ဟာသနှောပြီး ပြောကြားခဲ့ပါတယ်။ အသက် (၂၁) နှစ်အရွယ် ဇင်ချန်ကိုရဲ့ ဆံပင်၊ အသားအရေဟာ ကီဗင်ဒီဘရိုင်းနဲ့ တူတာကြောင့် ရုတ်တရက်ကြည့် လိုက်ရင်သူ့ကို ဒီဘရိုင်းလို့ ပရိသတ်တွေက မှားယွင်းတတ်ကြတာဖြစ်ပါတယ်။

ဇင်ချန်ကိုက "သူတို့က ကျွန်တော့်ကို ယုံကြည်တယ်ဆိုတာ အမြဲကြားနေ ရပါတယ်၊ လူတိုင်းက ကျွန်တော့်ကို ကီဗင်လို့ ခေါ်တတ်ကြတယ်၊ ဘတ်စ်ကား စီးသွားရင် ပရိသတ်တွေက ကီဗင်ရေကျွန်တော်နဲ့ ဓာတ်ပုံတစ်ပုံလောက် တွဲ ရိုက်ပေးပါလားဗျာလို့ တောင်းဆိုတတ်ကြတယ်၊ ဒါပေမယ့် ကျွန်တော်က သူ့ ထက်ပိုကြည့်ကောင်းတယ်ဆိုတာ သေချာတာပေါ့ဗျာ" လို့ တယ်လီဂရပ်သတင်း ဌာနသို့ ဟာသနှောပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နွေစျေးကွက် က ခေါ်ယူခဲ့တဲ့ မန်ဒီဒဏ်ရာကြောင့် ကာလကြာရှည် အနားယူခဲ့ရပြီးနောက် မှာ ဇင်ချန်ကိုဟာ ဂွါဒီယိုလာရဲ့ အစီအစဉ်မှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။









**မေလှဲသင်း-ရေးသားသည်။**

## သီတဂူရွှေပြည်ဟိန်း စကျဲဒါနဆေးရုံ မတ်လ ၁၇၊ ၁၈ (၈၉)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

မတ်လ ၃ ရက်တွင် စတင်လက်ခံ၍ မတ်လ ၁၇၊ ၁၈ ရက်များတွင် ၈၉-ကြိမ်မြောက် ဦးရေ (၁၁၁၀၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စကျဲဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ငြိမ်းသာယာ၊ ရန်ကင်း။ (ကျိုက္ကဆံစေတီ ပါဝင်၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၁၊ ၀၉-၇၃၀၅၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စစေမာသိရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

ဆရာမင်းသိခ် အသုံးပြုခဲ့သော ယတြာနည်းစနစ်များနှင့် အဆောင်ပုံများ မှတ်တမ်း

### မနောမယ ယတြာ လက်ဆောင်ပေါင်းချုပ်
### မင်းသိခ် (ဒုတိယအကြိမ်)

မင်းသိခ်သက်ရှိထင်ရှားရှိစဉ်အခါက အသုံးပြုခဲ့သော စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ပါတ်သက်၍ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည့် ယတြာများကို စုစည်းတင်ပြထားသည့် မနောမယလက်ဆောင်ပေါင်းချုပ်. . . . .

ဗေဒင်ဆရာထံသွားရသော ဒုက္ခမှလွတ်ပြီ
မိမိကိုယ်တိုင် လွယ်ကူစွာ လေ့လာအသုံးပြုနိုင်ပြီ

ဗေဒင်ဆရာများနှင့် ဗေဒင်မေးသူများ မဖတ်ရ

### ဗေဒင်မမေး နဲ့ ဆန်ကုန်မယ် (ဒုတိယအကြိမ်)
### ဝင်းဇော် (သစ်တော)

- ဗေဒင်ဆရာတွေဆီမှာ အဆောင်တွေ၊ ယတြာတွေ ယူရုံကြသေးသလား။
- ဗေဒင်ဆရာတွေရဲ့အဆောင်တွေ၊ ယတြာတွေအားကိုးနဲ့ စားမေးပွဲဖြေကြဦးမှာလား။
- ပွဲလန့်တုန်းဖျာခင်းတာမဟုတ်ပါဘူး။ ဗေဒင်အကြောင်းနဲ့ ဗေဒင်ဆရာတွေ အကြောင်း အူမချေးခါးမကျန်သိချင်ရင် ဒီစာအုပ်ကိုဖတ်ပါ။
- နာဂစ်မုန်တိုင်းကြီးဝင်မယ်လို့ ဘယ်ဗေဒင်ဆရာမှ ကြိုပြီးဟောကိန်းမထုတ်ခဲ့ဘူး။
- ဗေဒင်ဝိဇ္ဇာ၊ ဗေဒင်ပါရဂူ၊ ဗေဒင်ဒါက်တာတွဲတွေ အကြောင်းဖေါ်ထုတ်လိုက်ပြီ......။

မရမ်းတလင်းစာပေ - ဖုန်း - ၀၁ - ၅၄၃၂၈၇၊ ၀၉ ၅၀၃၆၂၇၅

---

### ဆန်လိုနေပြီလား

အိမ်စားဖို့ ဆန်လိုနေပြီဆိုရင် မြန်မြန်လေးဖုန်းဆက်လိုက်ပါဗျိုး
09-73077711 ☎ 01-682844
09-73077722 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

---

### ဖြိုးမောက် (Phyo Mout)
### ယာဉ်မောင်း အတတ် သင်တန်းကျောင်း

လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်ပြီး တကယ်ကားမောင်းတတ်ချင်ရင် "ဖြိုးမောက်ယာဉ်မောင်း" သင်တန်းသို့ ကြွရောက်ခဲ့ပါ။

လိုင်စင်ရရှိရေးကို အထူးကူညီဆောင်ရွက်ပေးပါသည်။

No. 59၊ မိုးမခလမ်း၊ မှန်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-43157170, 09-254923256, 09-763173067, 09-250139696, 09-788862114

---

Organizer by CREATION STRENGTH Co., Ltd.

## THE MOST AMAZING EXHIBITION & PRODUCT SHOW

DATE
**1-3-2018 to 4-3-2018**
TIME : (9:00) am to (6:00) pm
PLACE : Tattmataw Hall, Uwisara Road, Yangon.

19(B), PARAMI ROAD, SOUTH OKKALAPA TSP, YANGON. 09-450045003, 09-450050005, 09-450055888, 09-250513383

---



## ၂၀၁၈ စာအုပ် ထွက်ပြီ




www.yangondirectory.com

The YANGON DIRECTORY
Everything U Need

---

### ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်ဓားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာ့အေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

---

### အောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

---

### N-WINNER Co.,Ltd
အိမ်၊ ခြံ၊ မြေ ၏ "အမြန်ဈေးကွက်"

Ph:09450073838,09783233356-57,09254418033

| | | | | |
|---|---|---|---|---|
| ၁။ရွှေတောင်ကြား (ဗဟ) | (60'x70') | 9M,3BR | 2RC | $ 6000 |
| ၂။ဗဟန်းလမ်းသန့် | (80'x60') | 5M, F.F | 2RC | $ 5500 |
